# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၀၁)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် ၊ ၄-၁၀-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ယနေ့ ဖတ်စရာ

**စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့် တည်ထောင်ဆဲစက်မှုဇုန် စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်**

စာမျက်နှာ » ၃

**ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## သီတင်းကျွတ်ကာလအတွင်း အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော် -ရန်ကုန်-နေပြည်တော် ခရီးစဉ်အတွက် DEMU (ဂျပန်)တွဲဆိုင်း အထူးရထားများအား အောက်ပါအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

စာမျက်နှာ ၄ သို့ ❖



## ပြည်တွင်းစက်သုံးဆီဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ၊ သီတင်းကျွတ်ပွဲတော်ခရီးသွားရာသီနှင့် လာမည့်ပွင့်လင်းရာသီကာလအတွင်း လုံလောက်စွာသုံးစွဲရေး ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၃

မြန်မာကျပ်ငွေပိုမိုခိုင်မာလာပြီး ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်း ဆက်တိုက်ကျဆင်းနေမှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည်လည်း ကျဆင်းလျက်ရှိသည်။

ထို့ပြင် ပြည်ပမှစက်သုံးဆီများ ကြိုတင်စီမံတင်သွင်းထားမှုကြောင့် သီတင်းကျွတ်ပွဲတော် ခရီးသွားရာသီအတွင်း အဓိကလမ်းမကြီးများနှင့် အဓိက မြို့ကြီးများရှိ အရောင်းဆိုင်များတွင် ကြိုတင်ဖြည့်တင်းခြင်းများ စီမံဆောင်ရွက်ထားရှိပြီးဖြစ်သည့်အပြင် လာမည့်ပွင့်လင်းရာသီကာလအတွင်း ပွဲတော်ကာလများနှင့် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စက်မှုဇုန်နှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လုံလောက်စွာသုံးစွဲရေး စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ သိရသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ စနေနေ့။
မန္တလေး နေ့စဉ်

# ပညာကို ကြိုးပမ်းရှာဖွေဆည်းပူးရမည်

လူ့လောကကြီးတွင် မိမိကိုယ်ကို အသုံးကျသူတစ်ယောက်ဖြစ်အောင် ကြံဆောင်နေရမည်ဖြစ်သည်။ ထို့ပြင် ရိုးသားသော အလုပ်အကိုင် လုပ်ကိုင်လိုစိတ်ရှိရန် လိုအပ်မည်ဖြစ်သည်။ မရှက်မကြောက်သောသူအတွက် အလုပ်အကိုင် အခွင့်အလမ်းကားပေါများသည်။ အထူးသဖြင့် နှုတ်ချိုသျိုတစ်ပါးဟုဆိုထားပေရာ မိမိက ချိုချိုသာသာ မွန်မွန်ရည်ရည် ပြောဆိုမည်ဆိုလျှင် မကြိုက်မနှစ်သက်သူရှိမည် မဟုတ်ပါ။ မိမိပါးစပ်ကို မိမိလိမ္မာပါးနပ်စွာ အသုံးပြုတတ်ပါက လူချစ်လူခင်ပေါများပြီး အလုပ်ဆိုသည်မှာ ခက်ခဲမည် မဟုတ်ပါ။

မိမိအလုပ်ကို ကောင်းစွာကျွမ်းကျင်စေရမည်။ ကျွမ်းကျင်မှုရှိမှသာ သူများထက်သာလွန်ပေမည်။ လုပ်ငန်းမကျွမ်းကျင်သမျှ သူများထက်ထူးအောင် မကြံဆောင်နိုင်ချေ။ မိမိ၏အလုပ်နှင့်ပတ်သက်၍ နည်းလမ်းရှိသမျှကိုကြံရမည်။ ယနေ့ ဈေးကွက်ဝင်ပစ္စည်းများကို လေ့လာကြည့်ပါက အချိန်ကာလအတိုင်းအတာတစ်ခုရောက်ရှိသည်နှင့် မူလဒီဇိုင်းထက် လူအများစိတ်ဝင်စားမှုရှိအောင် အသွင်အပြင် ပြောင်းလဲရောင်းချသည်ကို တွေ့မြင်ကြရသည်။ အသစ်အသစ်တို့ကြာမြင့်၍ ဟောင်းသွားသည့်အခါ နောက်ထပ်အသစ်အသစ်များကို ထပ်မံတီထွင်ကြရသည်။ လူအများ စိတ်ဝင်စားအောင် ဆွဲဆောင်ကြရသည်။ ဤကား လူတစ်ဦးချင်းစီအလိုက် မဖြစ်မနေ ကြိုးစားနေရခြင်းဖြစ်သည်။

ထို့ပြင်လောက၌ လွန်လေပြီးသောအရာတို့သည် မရှိသောအရာများဖြစ်သည်။ အသစ်သစ်ဖြစ်ပေါ်လာလတ္တံ့သောအရာတို့သည်လည်း မရှိသေးသောအရာများဖြစ်ကြသည်။ သို့အတွက် အနာဂတ်ကို အားကိုးခြင်း၊ အတိတ်ကိုပြန်၍ လွမ်းဆွတ်ခြင်းတို့သည် အကျိုးမဲ့ဖြစ်လေသည်။ မိမိဘဝအတွက် မိမိ၏လက်ရှိအချိန်သည်သာ အကောင်းဆုံးဖြစ်သည်။ အလုပ်တစ်ခုကို အကြွေးမထားဘဲ ချက်ချင်း လုပ်ကိုင်တတ်သူ၊ ဆောင်ရွက်တတ်သူသည် ကြီးပွားရန်ခြေလှမ်း စတင်လှမ်းသူဖြစ်သည်။ အစပြုတတ်သော အလေ့ရှိမှသာ ကြီးပွားချမ်းသာရာရနိုင်လေသည်။ လူသားအများသူငါတို့လိုလားသော ကြီးပွားခြင်းသည် တစ်ချက်တည်းဖြင့် ကြီးပွားနိုင်သည်မဟုတ်ပေ။ အဆင့်ဆင့်သော သင်ယူတတ်မြောက်စရာများကို သင်ကြားတတ်မြောက်ပြီးမှသာ ကြီးပွားခြင်းသို့ ရောက်ရှိမည်ဖြစ်သည်။

တစ်လှမ်းတည်းလှမ်းသဖြင့် အထွတ်အထိပ်သို့ မရောက်နိုင်ပါ။ မြင့်သောတောင်ထိပ်တို့မည်သည် တဖြည်းဖြည်း တက်ရလေသည်။ နိမ့်သောနေရာကိုသာ တစ်ချက်တည်းရောက်အောင် ခုန်ချနိုင်သော်လည်း တစ်ခါတစ်ရံ ကျိုးတတ်၊ ပဲ့တတ်ပါသေးသည်။ ယခုခေတ်သည် ရှေးကထက်ပင် အတတ်ပညာရပ်တွေပေါများလှပေသည်။ အသက်မွေးမှုတစ်ခုပညာ ကိုယ်စီပါဟူသောစကားကဲ့သို့ မိမိနှင့် နီးစပ်သောအတတ်ပညာ တစ်ခုခုကိုလိုချင်လျှင် နှိမ့်ချသောစိတ်နှင့် သည်းညည်းခံသော အရင်းပါချေက မည်သည့်ပညာရှင်ထံမဆို သွားရောက်ကာ တပည့်ခံသင်ယူနိုင်လေသည်။

ဝီရိယရှိသောသူနှင့် ရိုးသားဖြောင့်မတ်သူတို့အတွက် ပညာသင်ပေးချင်သည့် ဆရာများစွာရှိနေသည်။ ထို့ကြောင့် ပညာကို ကြိုးပမ်းရှာဖွေ ဆည်းပူးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာဆည်းပူး၊ ပန်းသို့ခူးဆိုသည့်ပမာ ပန်းကိုရှာဖွေဆွတ်သကဲ့သို့ ပညာကို ကြိုးပမ်းရှာဖွေ ဆည်းပူးရမည်သာဖြစ်သည်။ ပညာရှာဖွေသူသည် ပျင်းရိခြင်း ကင်းရမည်။ ပျင်းနေလျှင် ပညာတတ်လိမ့်မည် မဟုတ်ပါ။ စာအုပ်ရှိသမျှကို ဖတ်ရမည်။ သတင်းရှိသမျှကို နားထောင်ရမည်။ မှတ်သားသင့်သည့် အချက်အလက်များကို ရေးမှတ်ထားရမည်။ အချက်ကောင်းရှိသမျှ မလွတ်စေရန် သတိထားရှိရမည်။ ရှေးလူကြီးများ အဆက်ဆက်သည် နောင်လာနောက်သားများအတွက် ဦးဆောင်လမ်းပြဖြစ်ခဲ့ကြသည်။ အလုပ်ဖြင့်လည်း သက်သေပြခဲ့ကြသည်။ စာဖြင့်လည်း မှတ်တမ်းတင်ခဲ့ကြသည်။ မည်သည့်အလုပ်မှာမဆို ပထမတန်းဖြစ်ရုံ မကြံစည်နှင့်၊ ပထမတန်းစားထက် နည်းနည်းကလေးပိုအောင် စိတ်ကိုထားရမည်။ အကြံကောင်းသောသူသည် အလုပ်ကောင်းသောသူ၏ အရှင်ဖြစ်သည်ဟူသော စာမှတ်တမ်းသည် ရှေးလူကြီးများ၏ လက်ဆင့်ကမ်း အမွေဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ခေတ်ဟောင်း၊ ခေတ်သစ် Best Stylist ရွေးချယ်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ၃**

မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ပွဲတော်သို့ လာရောက်လည်ပတ်ကြမည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ပရိတ်သတ်များထဲမှ Style အကျဆုံး ဝတ်စားဆင်ယင်လာသောသူများအား ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပမည့်နေ့များတွင် Photobooth တွင် လာရောက်ဓာတ်ပုံရိုက်ကူး၍ စာရင်းပေးသွင်းရမည်။ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် လျှောက်လွှာပိတ်၍ ဒိုင်များမှ ဆုရရှိသူကို ကြေညာ၍ ဂီတဆည်းဆာ စင်မြင့်ထက်တွင် ဆုများချီးမြှင့်မည်။

ပြိုင်ပွဲစည်းကမ်းများ အနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများ ရှောင်ကျဉ်ရန်ဖြစ်ပြီး မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ အငွေ့အသက်ကို ပေါ်လွင်စေသော fashion များကို ဦးစားပေး ရွေးချယ်မည်ဖြစ်သည်။ ဆုများအဖြစ် ခေတ်ဟောင်း (1980' Style) Best Stylist Male, Best Stylist Female, Best Stylist Group နှင့် ခေတ်သစ် Best Stylist Male, Best Stylist Female, Best Stylist Group တို့ဖြစ်ပြီး အကဲဖြတ်ဒိုင်အဖြစ် ဒီဇိုင်နာ မျိုးမင်းစိုး၊ မင်းသား အောင်မင်းခန့် Rohto နှင့် Jetour တို့မှ တာဝန်ရှိသူများက ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၃**



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (ဖဖ-၁)၊ ၅၄ လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးဖွင့်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။
(မန္တလေးနေ့စဉ်)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့် တည်ထောင်ဆဲစက်မှုဇုန်စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကားပြောကြား သည်။

အစည်းအဝေးသို့စက်မှုလုပ်ငန်း နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမျိုးသားကာကွယ် ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် **"နိုင်ငံ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိက နှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက် မှုမှသည် ပြည်သူတို့၏ လူမှုစီးပွား ဘဝကို စဉ်ဆက်မပြတ်မြှင့်တင် ရေး"**ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်ရေးသည်လည်း အဓိကပါဝင်နေသည်ကို တွေ့ရှိရ ကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝ သယံဇာတ ပေါကြွယ်ဝပြီး ငယ်ရွယ်နုပျိုသည့် လူသားအရင်း အမြစ်များရှိကြောင်း၊ ရေမြေ သဘာဝကောင်းမွန်၍ ကျယ်ဝန်း သည့် စိုက်ပျိုးမြေများလည်းရှိ သည့်အတွက် အစဉ်အဆက် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင် ခဲ့ကြကာ နိုင်ငံ၏ စားရေရိက္ခာ ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် စီးပွားရေး ပုံစံများ လျင်မြန်စွာ တိုးတက် ပြောင်းလဲနေသည့်အတွက်မြန်မာ နိုင်ငံအနေဖြင့်စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းထုတ်လုပ်သည့်အဆင့် မှ Value Added တန်ဖိုးမြှင့် ကုန်ပစ္စည်း ထုတ်လုပ်သည့်အဆင့် သို့ တက်လှမ်းနိုင်ရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုး မဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော် ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင် ရန်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နည်းတူ ယနေ့ခေတ်တွင်လည်း **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ် လုပ်မှု အားပေးစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အားပေး မြှင့်တင်လျက်ရှိကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ကုန်ထုတ်လုပ်မှု တိုးမြှင့်စေရေး အတွက် ခေတ်မီနည်းပညာသုံးစွဲ ခြင်းကို အားပေးကာ ပြည်တွင်း ထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို နိုင်ငံတကာ အဆင့်မီစေရန် သတ်မှတ်ပြဋ္ဌာန်း ပြီး အရည်အသွေးထိန်းချုပ်ခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖန်တီးနိုင်ရန်အတွက် အထောက် အပံ့များ ပေးရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန် အတွက်လည်း အသက်မွေးဝမ်းကျောင်း ပညာရေး စနစ်များ တိုးမြှင့်ပေးခြင်း၊ လုပ်ငန်းခွင် စွမ်းရည်မြှင့်သင်တန်း များ ဖန်တီးပေးခြင်း၊ အလုပ်သမား များ၏ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် သင့်လျော်သည့် လုပ်ခလစာကို အာမခံပေးခြင်းဖြင့် ၎င်းတို့၏ စိတ်ဓာတ်နှင့် ကုန်ထုတ် စွမ်းအားကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့် တည်ထောင်ဆဲ စက်မှုဇုန်စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန် များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်း များအနေဖြင့်လည်း ကုန်ထုတ် လုပ်မှုတိုးမြှင့်ခြင်းကို အထောက် အကူပြုမည့် မူဝါဒများ၊ ရင်းနှီး မြှုပ်နှံမှု အခွင့်အလမ်းများနှင့် ဈေးကွက် ချိတ်ဆက်မှုများကို ဖန်တီးပေးရန် အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် **"နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"**ဆိုသည့် ဆောင်ပုဒ် အတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် အဘက် ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ စက်မှုဇုန်များ တည်ထောင်ရာတွင် သဘာဝ ပတ်ဝန်းကျင် စီမံလန်းစိုပြည်ရေး နှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည် သန့်စင်ရေးတို့ကိုလည်း အလေး ပေး ဆောင်ရွက်သွားရမည်ဖြစ် သည့်အတွက် စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များ အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အတွက် ဥပဒေများ၊ နည်းဥပဒေ များ၊ အမိန့်ညွှန်ကြားချက်များကို ပိုမိုတိကျစွာ လိုက်နာဆောင်ရွက် သွားကြစေလိုကြောင်း။

နိုင်ငံတော်၏ ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုဇုန် များ ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာ မူတည်သောကြောင့် အသစ်ဖော်ဆောင်မည့် စက်မှုဇုန် များစနစ်တကျဖော်ဆောင်နိုင်ရေး အပြင် တည်ထောင်ပြီး စက်မှုဇုန် များကိုလည်း စနစ်တကျ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရန် လည်း အရေးကြီးသည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ကြောင်း၊ တည်ဆောက် ပြီး စက်မှုဇုန်များအား နည်းဥပဒေ များနှင့်အညီ စက်မှုဇုန် အဆင့် အတန်းများ စစ်ဆေးရာတွင် အမှတ်ပေးစည်းမျဉ်း သတ်မှတ် ချက်များဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ထိုသို့ စစ်ဆေးရာ၌ အဆင့်အတန်း သတ်မှတ်ချက်များ အရ အားနည်းသည့် စက်မှုဇုန်များ အား သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန် ရှိသူများက အဆင့်မြင့် စက်မှုဇုန် များဖြစ်ပေါ်လာစေရေး တွန်းအား ပေးကြပ်မတ်ဆောင်ရွက်ကြစေလို ကြောင်း တိုက်တွန်းပြောကြား သည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး က အမှာစာများအား ဖတ်ကြား တင်ပြသည်။

ယင်းနောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က မြန်မာနိုင်ငံ စက်မှုဇုန်များ သမိုင်းကြောင်း၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ စက်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ က စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ဦးညိုစောက ဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**❖ ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးပုံစံများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေ သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်း ထုတ်လုပ်သည့်အဆင့်မှ** Value Added **တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရန်လို**

**❖ စက်မှုဇုန်များတည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် ရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ကိုလည်း အလေးပေး ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်း ရှင်များအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပိုမိုတိကျစွာ လိုက်နာ ဆောင်ရွက်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး (၃/၂၀၂၅) ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့် ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော် တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေး ပိုင်ခွင့်ရှိသူများအားလုံးမဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့် အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အဆင့်လိုက် ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်များအတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံရေးပါတီများမှ အမည်စာရင်း တင်သွင်းလာသည့်ပြည်ထောင်စု တစ်ဝန်းလုံးစည်းရုံးမည့် နိုင်ငံရေးပါတီခြောက်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉၆၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆၆ ဦး၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆ ဦး စုစုပေါင်း ၅၀၂၃ ဦးတို့အား စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် အချိန်မီ စိစစ်ပြီးစီးရေး ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ထို့ပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင် ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲကာလတွင် လာရောက်ကြမည့် ပြည်တွင်းပြည်ပလေ့လာရေးအဖွဲ့များအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနများအနေဖြင့် ရဲစခန်း အချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ထားကြရန်လိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၌ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူဆောင်ရွက်မှု ၂၄ မှုနှင့် တရားခံ ၆၄ ဦး ရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲ လုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် လျာထားအစီမံများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❖ ရှေ့ဖုံးမှ

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၄.၁၀.၂၀၂၅ | DEMU အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ၅.၁၀.၂၀၂၅ | DEMU အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ၇.၁၀.၂၀၂၅ | DEMU အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၄ | ၈.၁၀.၂၀၂၅ | DEMU အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |

ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်တွင် DEMU ရထားများအား ယခင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့ရက်များ၌ DEMU (ဂျပန်) ခြောက်တွဲပါ တွဲဆိုင်းများဖြင့် ပြေးဆွဲပေးနေရာမှ သီတင်းကျွတ်ကာလပိတ်ရက်အတွင်း ခရီးသည်များစီးနင်းမှုများပြားလာသည့်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် DEMU ရထားများအား DEMU(စပိန်) ရှစ်တွဲပါ တွဲဆိုင်းများဖြင့် ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၄.၁၀.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၂ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၃ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၄ | ၇.၁၀.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၆ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

ရထားစီးခရီးသွား ပြည်သူများအား အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခနွန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်သည်။

မြန်မာ့မီးရထား

## ပခုက္ကူမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ အာကာမျိုးစက်သုံးဆီအရောင်းဆိုင် တာဝန်ရှိသူများအား မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများစနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့်ရေစင်များတွင် ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ ဆိုင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၅၅ ရက်

သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြား အချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိ နေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြား မဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည် မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာ



နေပြည်တော် အောက်တိုဘာ ၃

ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတို့တွင်အခြေခံ မဲဆန္ဒရှင် စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှု နှင့် ဒေသခံပြည်သူများ မဲစာရင်းများ လာရောက် ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ဆောင်ရွက်ပေးနေမှုတို့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်း လာရောက်ကြည့်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ပေးကြ ရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ အနှောင့် အယှက်ကင်းစွာဖြင့် စိတ်အေးချမ်းသာစွာကြည့်ရှု နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန်၊ မဲစာရင်းဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း များ ဆောင်ရွက်ပြီးပါက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအကြိမ် ထပ်မံကပ်ထားကြေညာမည်ဖြစ် ပြီး မဲဆန္ဒရှင်ပြည်သူများက လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများဆောင်ရွက်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးလူတစ်ဦး မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး နှိုးဆော်ပေးကြ ရန်၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ဗောဒိကုန်းလမ်းဆုံ အနီးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်း များ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ ရန်အောင်မြင်ဆည်၌ ငလျင်ဘေးကြောင့် ထိခိုက် ပျက်စီးခဲ့သော ပင်မတာမံနှင့် ကုန်းကြောတာမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒက္ခိဏ)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒက္ခိဏသီရိမြို့နယ်၌ မဲစာရင်းများ ပထမအကြိမ်ကြေညာထားရှိမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့် အတူ ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာ ထားရှိမှုများကို ကွင်းဆင်းကြည့်ရှု အားပေးသည်။

ဆွေးနွေးမှာကြား

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် သည် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏ သီရိရပ်ကွက်နှင့် ရွှေအင်ကြင်း ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများ သို့ သွားရောက်ပြီး အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်း များပထမအကြိမ်အဖြစ်ကပ်ထား ကြေညာရာတွင် ရပ်ကွက်ပြည်သူ များ လာရောက်ကြည့်ရှုနေမှုကို သွားရောက်တွေ့ဆုံအားပေးကာ မြို့နယ် တာဝန်ရှိသူများအား ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင် ရွက်သွားရန်၊ ကပ်ထားကြေညာ ထားသည့် မဲစာရင်းများကို လည်း ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားရန်နှင့်ပျက်စီးဆုံး ရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေး မှာကြားသည်။

ဒက္ခိဏသီရိမြို့နယ် အနေဖြင့် မဲရုံစုစုပေါင်း ၁၈ ရုံ၊ ပထမအကြိမ် ကပ်ထားကြေညာသည့် မဲစာရင်း တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၂၆၀၅၉ ဦးရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၃

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို မကြာမီကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။




အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး(ယာပုံ)က မကြာမီနိုင်ငံတော်အဆင့် ကျင်းပမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်ကကျင်းပခဲ့သည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြု၍ လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက် အခက်အခဲများရှိပါက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးပြည့်စုံသည့်ပြင်ဆင်မှုများ ဖြစ်စေရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အဆင့်ကျင်းပမည့် သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပထမအကြိမ် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ်ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (၂၀၂၅) တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃

ကာဇက်စတန်သမ္မတနိုင်ငံ အက်စ်တာနာမြို့၌ အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပသော ပထမအကြိမ် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ် ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (၂၀၂၅)သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပါဝင်တက်ရောက်သည်။



အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေး (Council for the Development of Artificial Intelligence) ကို အက်စ်တာနာမြို့ EXPO International Exhibition Center ၌ ကျင်းပရာ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့်အတူ ဉာဏ်ရည်တုနည်းပညာနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Zhaslan Madlyev၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် အက်စ်တာနာမြို့ရှိ Astana Hub ၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ် ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (VI International Forum "Digital Bridge 2025": Generative Nation) ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါ ဖိုရမ်သို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev၊ ဟန်ဂေရီနိုင်ငံ သမ္မတ H.E. Mr. Tamas Sulyok၊ အစိုးရအဖွဲ့အကြီးအကဲများ၊ Telegram တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Pavel Durov၊ နိုင်ငံတကာမှဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ နည်းပညာဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အောက်တိုဘာ ၃ ရက်မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ကာဇက်စတန်သမ္မတနိုင်ငံ ဉာဏ်ရည်တုနည်းပညာနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kanysh Tuleushin နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဖိုရမ်တွင် ကာဇက်စတန်သမ္မတနိုင်ငံကို ဥရောပနှင့်အာရှအကြား ဆက်သွယ်ပေးသည့် နည်းပညာဆိုင်ရာ အချက်အချာကျသော နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ရန်ရည်ရွယ်ပြီး ဖိုရမ်အတွင်း ကမ္ဘာ့ခေါင်းဆောင်များ၊ နည်းပညာတီထွင်ဖန်တီးသူများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ ဉာဏ်ရည်တုနည်းပညာနယ်ပယ်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်

# (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း ပြုလုပ်



နေပြည်တော် အောက်တိုဘာ ၃

၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားရုံ(နဝဒေး)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားပွဲများအဖြစ် ဗန်တိုအတိုက်(က) တန်းပြိုင်ပွဲ၊ ဗန်တို(ခ)တန်းပြိုင်ပွဲ၊ ပန်ကြပ်ဆီလက် အတိုက်(က) တန်းပြိုင်ပွဲ၊ ဓားတစ်လက်အတိုက် ပြိုင်ပွဲနှင့် အမျိုးသမီးပွဲများအဖြစ် ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုရရှိသော အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

## ယှဉ်ပြိုင်ကစား

အဆိုပါ ၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၂၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၂ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


မြောင်းမြမြို့နယ်
အောင်မင်း(မြောင်းမြ)


တွံတေးမြို့နယ်
မျိုးလှိုင်(တွံတေး)


ချမ်းအေးသာစံမြို့နယ်
ထွန်းထွန်းနိုင်


စစ်ကိုင်းမြို့နယ်
နေလင်းအောင်(ပြန်/ဆက်)


ချမ်းမြသာစည်မြို့နယ်
ချမ်းမြေ့(ချမ်း/စည်)


ပုသိမ်မြို့နယ်
ခရိုင်(ပြန်/ဆက်)


ပုတာအိုမြို့နယ်
ဖုန်ကန်(ပုတာအို)


ကွမ်းခြံကုန်းမြို့နယ်
ဆွေနွယ်(ပြန်/ဆက်)


မက်မန်းမြို့နယ်
အေဇက်ထွန်း(မက်မန်း)


ပျဉ်းမနားမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
သန်းသန်းအေး(ပြန်/ဆက်)


မုံရွာမြို့နယ်
ခရိုင်(ပြန်/ဆက်)


တောင်ငူမြို့နယ်
ခရိုင်(ပြန်/ဆက်)


သနပ်ပင်မြို့နယ်
အောင်မြင့်မြတ်(ပြန်/ဆက်)


တံတားဦးမြို့
ကျော်ဆန်း


ဒလမြို့နယ်
ခင်စန္ဒာမြင့်(ပြန်/ဆက်)


စလင်းမြို့နယ်
မောင်လွင်(စလင်း)


အဖျောက်မြို့
ဝတ်ရည်(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးအတွက် အသင့်စုဖွဲ့ထားရှိ

**မကွေး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာ ၁ရက် နံနက် ၉နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ရှာဖွေကယ် ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်း ၂၂မျိုး၊ ဖိုက်ဘာစက်လှေ တစ်စီးတို့ဖြင့် အသင့်စုဖွဲ့ထားရှိခဲ့သည်။



အဆိုပါရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် မင်းတုန်းမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊သစ်ပင်ပြိုလဲခြင်းများနှင့် အခြားသော သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ အရေးပေါ် တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ကလေးအာဟာရမှုန့် အတုရောင်းချနေခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးနိုင်ဦး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် ကလေးအာဟာရမှုန့် အတုရောင်းချနေခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။ (အပေါ်ပုံ)

ဆင်ပေါင်ဝဲမြို့ပေါ်ရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဆိုင်ရှင်များအနေဖြင့် ကလေးအာဟာရမှုန့်တံဆိပ်ကုန်ပစ္စည်းအစစ်နှင့် ကုန်ပစ္စည်းအတု၏ အသေးစိတ်အချက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ကလေးအာဟာရမှုန့်အတုရောင်းချနေခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အမှတ်တံဆိပ်ကလေးအာဟာရမှုန့်အတုအား ဈေးကွက်အတွင်း ရောင်းချမှုရှိလျှင် နောက်နောင်စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး ဖမ်းဆီးအရေးယူ

**သထုံ အောက်တိုဘာ ၃**

မွန်ပြည်နယ်၊ သထုံမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီခွဲတွင် မွန်ပြည်နယ်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သထုံမြို့နယ်၊ ကြာဘန်းကျေးရွာအနီး ဘားအံ-သထုံကားလမ်းမပေါ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဘီးလင်းမြို့နယ်၊ ဖိုးလှကြီးရပ်ကွက်နေသူများဖြစ်ကြသည့် ညီညီလွင်(၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် ×××× NISSAN ADVAN မော်တော်ယာဉ်၊ ခန့်လင်းထက်(ခ)ပါကျဲ(၃၀)နှစ်ဆိုသူ မောင်းနှင်လာသည့်××××TOYOTA VELLFIRE မော်တော်ယာဉ် နှင့် ဘီးလင်းမြို့နယ်၊ကန်သာယာရပ်ကွက်နေ စည်သူဦး(၂၉)နှစ်ဆိုသူမောင်းနှင်လာသည့် ×××× HONDA FID မော် တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ညီညီလွင်ပါသုံးဦးဆိုသူအား သုခမ္မဝတီနယ်မြေရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မိတ္ထီလာ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ပေါက်ချောင်းရပ်ကွက်၊ ကန်ပတ်လမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မိတ္ထီလာမြို့နယ်၊ ပေါက်ချောင်းရပ်ကွက်နေ စံဟိန်း(၃၀)နှစ် မောင်းနှင်လာသည့် MDY-20/3I- - - - - HYUNDAI STAREX မော်တော်ယာဉ်သည် ကန်ပတ်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာစဉ် ခိုင်ရွှေဝါလမ်းထိပ်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေး မြက်ခင်းပေါ်ထိုင်နေသည့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဝွေးချိုကျေးရွာနေ ကိုရန်မျိုးအောင်(၂၀)နှစ်ဆိုသူနှင့် မိတ္ထီလာမြို့နယ်၊ ကျောက်ဖူးရပ်ကွက်နေ မထက်ထက်အောင်(၂၃)နှစ်ဆိုသူတို့အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် စံဟိန်းဆိုသူအား မိတ္ထီလာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



သရက်ခရိုင်၊ သရက်မြို့နယ်၊ ရွှေဘုံသာရပ်ကွက်၊ သံကြိုးလမ်းရှိ ကမ္ဘာရတနာဘဏ်အတွင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ဟောပြောခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် အသိပညာပေး ဆောင်ရွက်ကြစဉ်။ (ကဆ)

## ဓားဦးချွန် ကိုင်ဆောင်ရမ်းကားနေသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**ကလော အောက်တိုဘာ ၃**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက် ည ၈ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အောင်ပန်းမြို့၊လှည်းရိုးရပ်ကွက်၊ ပင်လုံလေးလမ်းပေါ် အရောက်၌ အဆိုပါရပ်ကွက်နေ ဇော်မင်းဦး(ခ)ရမ်ဆန်း(၂၇)နှစ်ဆိုသူအား အရှိုး၊ အသွား ၁၇ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်မင်းဦး(ခ)ရမ်ဆန်းဆိုသူအား အောင်ပန်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

## ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မြို့မရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**ပူတာအို အောက်တိုဘာ ၃**

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မြို့မရပ်ကွက်၌ အိမ်ရှင် ဒေါ်လုအောင်ဆိုသူ၏ (၂၇×၁၈)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ခြေတံရှည်နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သဖြင့် ပူတာအိုမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် (၂၇×၁၈)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ခြေတံရှည် နေအိမ် တစ်လုံး၊ (၁၆×၁၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ခြေတံရှည် မီးဖိုဆောင်တစ်လုံး၊ (၁၅×၁၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ခြေတံရှည် ပစ္စည်းသိုလှောင်ခန်းတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ အိမ်ရှင် ဒေါ်လုအောင်ဆိုသူအား ပူတာအို မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# သားတို့ မညှဲခဲ့ကြပါ

ကျွန်တော်တို့ အထက်တန်းကျောင်းသား ဘဝကတည်းက မန္တလေးတက္ကသိုလ်ကို ရောက်ခဲ့ဖူးသဗျ … နေ့ခင်းဘက်လည်ခဲ့တာထက် ဂီတဆည်းဆာညတွေ လိုက်လည်ရတာ ပိုပျော်ဖို့ကောင်းခဲ့တာပေါ့… တက္ကသိုလ်ဆိုတာ ပျော်စရာ၊ စိတ်ဝင်စားစရာကောင်းတယ်ဆိုတဲ့ အကြောင်း ရုပ်ရှင်ထဲ၊ ဝတ္ထုထဲ သိရတာထက် လက်တွေ့၊ မျက်တွေ့ ကိုယ်တိုင်လည်ရတော့ ပိုခံစားမိစေတာပေါ့ဗျာ… နေတဲ့နေရာက တံခွန်တိုင်(ပ.လ.စ)ထဲမှာဆိုတော့ တက္ကသိုလ်နယ်မြေနဲ့ကလည်း သိပ်မဝေးဘူးလို့ ဆိုရမှာပါ… ငယ်ငယ်ကတည်းက ရေအတူကူး၊ ဘော်လီဘောအတူကစား၊ ဘောလုံးအတူကန်ကြတဲ့အတွက် ထက်အောက်အရွယ် လေး၊ ငါးနှစ်ကွာကြတဲ့သူတွေက ညီအစ်ကို၊ မောင်နှမလို၊ သူငယ်ချင်းလို အတူတစ်တွဲတည်းမို့ ပျော်စရာအချိန်တွေကို ကိုယ့်အသိုက်အဝန်းလေးထဲမှာ စည်းစည်းလုံးလုံး နေထိုင်ဖန်တီးခဲ့ကြတဲ့အချိန်လို့ ဆိုရမှာပါ..

အဲ့ဒီအချိန်ကာလက အိမ်ထောင်စုတစ်စုမှာ စက်ဘီးတစ်စီးတောင် ရှိကြတဲ့ခေတ်မဟုတ်တော့ သွားရေး၊ လာရေးကလည်း ခက်ခဲတယ်လေ… ကိုယ့်အသိုက်အဝန်းလေးထဲမှာ တာဝန်ရှိသူတွေက ဘောလုံးကွင်း၊ အကြီး၊ အသေး၊ ဘော်လီဘောကွင်း၊ ဘတ်စကတ်ဘောကွင်း၊ ရေကူးကန်၊ ရုပ်ရှင်ရုံ၊ စာကြည့်တိုက်တွေကလည်း အပြည့်အစုံ၊ ရှေးဟောင်းဘုရားတွေကလည်း ပတ်ပတ်လည်၊ ညနေခင်း တောင်သမန်အင်းဘက် လမ်းလျှောက်၊ ရေကူးကန်ထဲ မကူးချင်ရင် အင်းထဲမှာ ဆင်းကူးနဲ့ ဘယ်မှသွားဖို့မလိုသလောက် ပြည့်စုံတာမို့ မန္တလေးမြို့ထဲရောက်ချင်ရင် အပတ်စဉ် ဈေးကားနဲ့လိုက်၊ ဈေးချိုထဲလည်၊ သကြန်ဆို ဗဟိုမဏ္ဍပ်မှာ တစ်ညလုံးနေ၊ သံချပ်တွေကြည့်တာလောက်ပဲ အဆက်အစပ်ရှိခဲ့တာပါ။ အထက်တန်းရောက်တော့ အစ်ကိုကြီးတွေ၊ အစ်မကြီးတွေက တက္ကသိုလ်ရောက်ကြပြီဆိုတော့ တက္ကသိုလ်မှာ ပွဲလမ်းသဘင်ရှိရင် ခေါ်တတ်ကြတယ်။ အထူးသဖြင့် အားကစားပွဲတွေရှိရင် လိုက်အားပေးဖို့ သွားဖြစ်ခဲ့ကြတယ်။ အစ်မကြီးတွေ ဘော်လီဘောကစားမှာဆိုရင် ကိုယ်က စက်ဘီးနင်းပြီး လိုက်ဖို့ ညနေ ကစားတာ အားပေး၊ ညနေစောင်းမိုးချုပ်ရင် အစ်ကိုကြီး၊ အစ်မကြီးတွေနဲ့ လူစုပြီး ရန်ကုန်-မန္တလေးလမ်းအတိုင်း စက်ဘီးနဲ့ ပြန်ခဲ့ကြတဲ့အချိန်တွေက လွမ်းစရာ။ ဘောလုံးပွဲရှိရင်လည်း အစ်ကိုတွေနဲ့ ကျောင်းထဲက အဆောင်မှာ အိပ်ပြီး မန်းတက္ကသိုလ်အသင်းကို အားပေးခဲ့ကြတာပါ… မန္တလေးတက္ကသိုလ်နဲ့ ကျွန်တော်နဲ့ အထက်တန်းကျောင်းသားဘဝကတည်းက ရင်းနှီးခဲ့တယ်ဆိုပါတော့… ဆယ်တန်းရောက်တော့ ပညာရေးကို အရမ်းအားပေးတဲ့ တပ်မှူးက တက္ကသိုလ်က ဆရာတွေကိုခေါ်ပြီး ဘာသာရပ်မွမ်းမံသင်တန်းလေးတွေ လုပ်ပေးသဗျ… ကျူရှင်မတက်ခဲ့ဘူးတဲ့ ကျွန်တော်တို့အတွက် ကျူရှင်သဘော သင်ပေးခဲ့တာပေါ့… တက္ကသိုလ်က ဆရာတွေနဲ့ပါ ရင်းနှီးကျွမ်းဝင်ခွင့် ရခဲ့ပြန်တယ်ပေါ့ဗျာ… မြန်မာစာဌာနက ပါမောက္ခဌာနမှူး (ငြိမ်း) ဒေါက်တာမောင်မောင်လေး ဆိုရင် ကျွန်တော် အထက်တန်းကတည်းက ဆရာဗျ။ တက္ကသိုလ်ရောက်တော့လည်း ကျွန်တော်က မြန်မာစာအထူးပြုဆိုတော့ ဘွဲ့ရတဲ့ထိအောင် ဆရာနဲ့ ပြန်တွဲမိခဲ့တာပါ… ကျွန်တော်တို့ အသိုက်အဝန်းလေးက ပညာရေးအားပေးတဲ့ နေရာမို့ ဆယ်တန်းအောင်က လက်ညှိုးထိုးမလွဲရှိသဗျ… ရဲဘော်လေးလည်း အထင်မသေးနဲ့ ဆယ်တန်းအောင် ဘွဲ့ရတွေ အများကြီး။ ဒီလို အသိုက်အဝန်းမှာနေခဲ့တော့ ကိုယ်လည်း အနိမ့်ဆုံး ဆယ်တန်းတော့ အောင်ရမယ်ဆိုပြီး ကြိုးစားဖြစ်ခဲ့တာပါပဲ…။



ကျွန်တော်တို့ တက္ကသိုလ်စတက်တော့ ဒေသကောလိပ်ကနေ မန္တလေးတက္ကသိုလ်(ရတနာဘုမ္မိနယ်မြေ)ဆိုပြီး စဖြစ်လာတဲ့အချိန်ပါ… အတိုကောက် ဘုမ္မိလို့ပဲ ခေါ်ကြတာပါ… ဘုမ္မိမှာ ကျောင်းတက်တော့ ကျောင်းကား အဆင်မပြေတဲ့အခါ ဘတ်စ်ကားစီး၊ ညနေမိုးချုပ်ရင် ဒါမှမဟုတ် နံနက်စောစော အခမ်းအနားရှိရင် အမရပူရကနေ ရတနာဘုမ္မိကို လမ်းလျှောက်ပြီး သွားလိုက်တာပါပဲ… နောက်ပိုင်း စက်ဘီး အဆင်ပြေတဲ့အခါလည်း စက်ဘီးနဲ့ သွားဖြစ်ခဲ့တာပေါ့… ငယ်ကတည်းက အားကစားကွင်း၊ ရေကူးကန်တွေနဲ့ နေ့စဉ် သွားလာနေရလို့ လမ်းလျှောက်သွားရလည်း မမောပန်း၊ မထူးဆန်းပါဘူးဗျာ… လိုရင်းက ကျောင်းရောက်ဖို့ပဲမဟုတ်လား … တက္ကသိုလ်မှာ အခါကြီး၊ ရက်ကြီးတွေ အထိမ်းအမှတ်အဖြစ် စာပေပြိုင်ပွဲတွေ ကျင်းပလေ့ရှိပါတယ်… ငယ်စဉ်ကတည်းက စာကြမ်းပိုးမို့ ဝင်ပြိုင်လိုက်တာ ပြိုင်တိုင်း ဆုရခဲ့သဗျ… ပထမ နှစ်မှာ အခါကြီး၊ ရက်ကြီး ပြိုင်ပွဲမှာ ကဗျာ ပထမနဲ့ ဆောင်းပါး ဒုတိယဆုရခဲ့ပြီး မန္တလေးတက္ကသိုလ် စာပေရေးသားနည်းသင်တန်းမှာ ကဗျာ ပထမဆုရခဲ့ပါတယ်… ကျွန်တော့်ကို သတိထားမိတာက ကျောင်းအုပ်ကြီး ဦးတင်မောင်နဲ့ လူငယ်အတွင်းရေးမှူး ဦးခင်မောင်ဝင်းတို့ဗျ… ရုံးခန်းကို ခေါ်ပြီး မြန်မာစာအထူးပြုဘာသာရပ်အတွက် လူငယ်တာဝန်နဲ့ ပါတီဝင် စည်းရုံးရေးတာဝန်တွေ ပေးအပ်လာ တာပါပဲ… ပေးသမျှတာဝန်ကို မငြင်းဘဲ ထမ်းဆောင်ရင်း ဖွင့်သမျှသင်တန်းတွေ တက်ရင်း (သင်တန်းကြီးကြပ်တာဝန်ဖြင့်)ပထမနှစ်က ပြီးဆုံးခဲ့တယ်… ဒုတိယနှစ်မှာ ကျောင်းမဖွင့်ခင်ကတည်းက ဆက်သွယ်ခေါ်ယူပြီး ကျောင်းသားသစ်များ အပ်နှံမှု၊ လက်ခံရေး ဆွေးနွေးပြီး မေဂျာတစ်ခုကို ငွေစာရင်းဌာန ဝန်ထမ်းတစ်ဦးနဲ့ ကျောင်းသားလူငယ်ကေဒါ သုံးဦးစီခန့် တွဲဖက်တာဝန်ချထားပေးခဲ့တာပါ… လက်ခံကောင်တာတွေရဲ့ ထိပ်မှာပဲ အခက်အခဲဖြစ်လာရင် ဖြေရှင်းပေးဖို့ သီးခြားစားပွဲနဲ့ ကြီးကြပ်ကျောင်းသားခေါင်းဆောင်တာဝန်လည်း ထမ်းဆောင်စေခဲ့ပါတယ်… အကျိုးကတော့ ကျောင်းအပ်လက်ခံရာမှာ မြန်ဆန်သွက်လက်ပြီး လိုအပ်ချက်ပြဿနာ နည်းပါးသွားတာပါ… မပြည့်စုံတဲ့ပုံစံတွေကို သီးခြားကြီးကြပ်သူက ယူထားပေးပြီး လိုအပ်သည်များပြောပြ၊ နောက်တစ်နေ့လာလျှင် ဦးဆုံးဆောင်ရွက်ပေးလို့ ကျောင်းအပ်တဲ့ ကျောင်းသား၊ ကျောင်းသူတွေလည်း ကျေနပ်ခဲ့ကြတာပါ…။

လူငယ်အဖွဲ့ဝင် တိုးပွားရေးအတွက် စည်းရုံးစေပြီး သင်တန်းများ ဖွင့်လှစ်ပေးတာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြတာပါ… ကိုယ့်အထူးပြုဘာသာရပ်တွေအလိုက် တပ်စု၊ တပ်စိတ်၊ တပ်ခွဲဆိုပြီး ဖွဲ့စည်းပုံတွေကိုလည်း ကိုယ်တိုင် ဆွဲစေခဲ့တာပါ… သင်ခန်းစာတွေမှာ ဆရာတွေနဲ့အတူ ကြီးကြပ်ပေးရပြီး လိုအပ်လာရင် ကူညီဖြည့်စွက်သင်ကြားပေးခဲ့ရတာပါ… ကျောင်းသားချင်း ဆရာကြီးလုပ်ရတာဆိုတော့ မတတ်ဘဲတော့ လုပ်လို့မရဘူးပေါ့… တချို့သင်တန်းတွေမှာ အခြေခံစစ်ပညာ၊ စခန်းချ၊ အခြေခံကျန်းမာရေးသင်တန်း၊ မီးသတ်၊ အိမ်တွင်းမှုပါမကျန် ကိုယ်တိုင် နည်းပြဖြစ်မှန်းမသိ ဖြစ်လာတဲ့အထိလည်း ဆရာတွေက လေ့ကျင့်ပေးခဲ့တာပါ။ ကျောင်းပိတ်ရက်တွေမှာလည်း နိုင်ငံ့အကျိုးပြု စီမံကိန်းလုပ်ငန်းကြီးတွေမှာ လုပ်အားပေးကြတာမို့ တက္ကသိုလ်တက်ခဲ့တဲ့ ရှေ့ပိုင်းသုံးနှစ်က လူငယ်ယူနီဖောင်း၊ စစ်ယူနီဖောင်း၊ လုပ်အားပေးလူငယ်ယူနီဖောင်းတွေနဲ့ အနေများခဲ့တဲ့ ကာလတွေပါပဲ။ စီမံကိန်းဝင် လူငယ်ကေဒါတွေပေါ့… တာဝန်အရ ဘာသာရပ်ပေါင်းစုံရဲ့ ကျောင်းအပ်စာရင်းနဲ့ ဝင်ခွင့်ပုံစံတွေကို ဘာသာရပ်ပေါင်းစုံက သူငယ်ချင်းတွေနဲ့ လက်ခံစစ်ဆေး၊ လူငယ်ဖွဲ့စည်းပုံတွေဆွဲ၊ ပါတီဝင်စည်းရုံးရေးဇယားတွေချနဲ့ မေဂျာပေါင်းစုံက သူတွေနဲ့ သူငယ်ချင်းတွေဖြစ်သွားလိုက်တာ မသိတဲ့လူ ခပ်ရှားရှားပဲဗျ… တချို့ ဘာသိဘာသာနေတတ်တဲ့ ကျောင်းသားတွေကိုလည်း အများစုကို မှတ်မိနေတာပါ။ ကျောင်းအပ်လက်ခံ၊ ကျောင်းဝင်ပုံစံတွေ စစ်ဆေး၊ သင်တန်းတွေအတွက် ရွေးချယ်၊ ပါတီဝင်စည်းရုံးနဲ့ဆိုတော့ လူချင်းမသိတဲ့သူတွေကိုတောင် ဓာတ်ပုံထဲမှာ ကိုယ်ရေး ရာဇဝင်နဲ့တကွ မြင်ဖူး၊ ဖတ်ဖူးခဲ့တဲ့သူတွေမို့ သိနေတာပါပဲ… အခုခေတ် တက္ကသိုလ်ကျောင်းသားတွေကို မေးကြည့်မိတယ်ဗျ… သင်တဲ့ဆရာ၊ ဆရာမက ဘယ်သူလဲ၊ သူငယ်ချင်း ဘယ်နှယောက်ရှိလဲ၊ အခြားမေဂျာက သူငယ်ချင်းတွေနဲ့ သိလားဆိုလိုက်ရင် သူတို့ပေါင်းတဲ့အဖွဲ့ငယ်လေးကလွဲရင် ဆရာလည်းမသိ၊ ကျောင်းသားလည်းမသိ၊ သူငယ်ချင်းလည်း မရှိနဲ့ ကျောင်းသားချင်း ရင်းနှီးခင်မင်တာတွေ၊ စည်းလုံးတာတွေ၊ ပူးပေါင်းဆောင်ရွက်တာတွေ၊ ကူညီရိုင်းပင်းကြတာတွေ အားနည်းလွန်းတာမို့ စိတ်မကောင်းဖြစ်မိတယ်… **တက္ကသိုလ်ရဲ့ အဓိက အနှစ်သာရက အတတ်ပညာ လာသင်ရုံ သက်သက်မဟုတ်ဘူး။ ကျောင်းသားဘဝကနေ အရာဝင်တဲ့လူကြီး ဦးဆောင်သူဆိုတာတွေ ဖြစ်လာအောင် အကူးအပြောင်း စပ်ကူးမတ်ကူး ကာလဖြစ်လို့ ပေါင်းသင်းဆက်ဆံရေးနဲ့ ကိုယ်တိုင် သင်ယူတတ်မြောက်အောင် ကြိုးစားတတ်မှုတွေကိုလည်း အဓိက လေ့လာသင်ယူတတ်ရမယ်ဆိုတာကို သိထားရမယ်ဗျ။ သိထားရုံတင်မဟုတ်ဘဲ လက်တွေ့လေ့ကျင့်မှုသာ အနာဂတ်အတွက် အသင့်ဖြစ်နေမှာပါ . . .။**

တက္ကသိုလ်တက်ရင်း လုပ်အားပေးစခန်းတွေ၊ သင်တန်းတွေတက်ရင်း ဘာသာရပ်ပေါင်းစုံ၊ မြန်မာပြည် အနယ်နယ်အရပ်ရပ်က လူငယ်ပေါင်းစုံ၊ တက္ကသိုလ်၊ ကောလိပ်တွေက ကျောင်းသားတွေနဲ့ တွေ့ဆုံရင်းနှီးရုံမက အမြင်ချင်းဖလှယ် ရင်ချင်းသွယ်လို့ ချစ်ခင်ခဲ့ကြရတယ်ဗျ… အရေးကြုံလာလို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့ လိုအပ်လာရင်လည်း တပ်မတော်ရဲ့ အရန်အင်အားအဖြစ် တစ်ခါတည်း လေ့ကျင့်ပြီးသား၊ စစ်ပညာသာမက ရှေးဦးသူနာပြု၊ မီးသတ်၊ နိုင်ငံရေးသိပ္ပံနဲ့ စည်းရုံးရေးစွမ်းရည်တွေရအောင် လေ့ကျင့်ခဲ့ရတယ်။ ဒါဘယ်သူမှ အတင်းခိုင်းလို့မဟုတ်ဘူး… ကိုယ့်အသိနဲ့ကိုယ် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းတွေကနေ ရလာ၊ ဖြစ်လာခဲ့တဲ့ ပညာရပ်တွေပါ။ ငယ်စဉ်ကတည်းက စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စာတိုပေစတွေရေး၊ သတင်းစာပညာရပ်တွေ သင်ယူလေ့လာခဲ့ရာက တက္ကသိုလ်ရောက်တော့ စာစောင်၊ စာအုပ်တွေ ကိုယ်တိုင် စုပေါင်းထုတ်လာနိုင်ခဲ့တယ်… တက္ကသိုလ်မှာ ခရမ်းပြာစာစဉ်ကို ကိုယ်တိုင် အမည်ခံ ထုတ်ဝေခွင့်ရခဲ့တာကလည်း ကိုယ်တိုင် လေ့လာကြိုးစားခဲ့မှု၊ ဆရာသမားတွေရဲ့ ယုံကြည်မှုရှိရှိ တာဝန်ပေးအပ်မှုတွေကြောင့်ပါ။

မိမိတို့ဘဝမှာ ကျရာတာဝန်၊ ဖြစ်ရာဘဝမှာ တူတူတန်တန် ဆောင်ရွက်နိုင်ခဲ့တာဟာ အမိမန္တလေးတက္ကသိုလ်ကြီးက မွမ်းမံမွေးထုတ်ပေးခဲ့တာလို့ ဆိုနိုင်ပါတယ်… ယခုလက်ရှိ သတင်းစာအယ်ဒီတာလုပ်ငန်းကို စဝင်ကတည်းက သီးခြားသင်ယူစရာမလိုဘဲ ကြိုတင်နားလည်တတ်မြောက်နေခြင်းကလည်း အမိမန္တလေးတက္ကသိုလ် မြန်မာစာဌာနနဲ့ စာကြည့်တိုက်ရဲ့ သင်ကြားပြသမှုက အဓိကကျတယ်လို့ဆိုရမှာပါ။ မန္တလေးတက္ကသိုလ်မှာ ပညာရည်နို့ စို့ကြတာချင်းတူတူ တချို့က စာပေဘက်မှာ ပါရဂူမြောက် ထူးချွန်၊ တချို့က အသိပညာ၊ အတတ်ပညာတွေကို အံဝင်ခွင်ကျ အသုံးချနိုင်ပေမယ့် အချို့ကတော့ တက္ကသိုလ်တော့ တက်ခဲ့တာပါပဲ ဒါပေမဲ့ ဘာမှ သိလာ၊ တတ်လာတာ မရှိပါဘူးလို့ လူညံ့အချို့က ဆိုကြပါတယ်။ တက္ကသိုလ်ဆိုတာ သင်ပေးသမျှ သင်ယူခြင်းနဲ့ ပေါင်းသင်းဆက်ဆံရေးနဲ့ လူမှုရေးဗေဒတွေကိုပါ လေ့လာသုံးသပ် သင်ယူနိုင်တဲ့ အခြေခံ မြေခံကောင်းဆိုတာကို သိထားမှသာ တစ်ဆင့်တက်လှမ်းနိုင်မယ်ဆိုတာ အသေအချာပါ။ အခု မန္တလေးတက္ကသိုလ် ရာပြည့်ပွဲကြီးကို ဝံ့ချီးဆင်ယင်ကျင်းပကြပြီး အမိမန္တလေးတက္ကသိုလ်ကြီးရဲ့ အရှေ့မှာ ရင်ကော့ခေါင်းမော့ပြီး 'သားတို့ မညှဲခဲ့ကြပါဘူး'လို့ ကြွေးကြော်ပြတာနဲ့တူတဲ့ ရာပြည့်မဂ္ဂဇင်းတွေ စာအုပ်၊ စာစောင်တွေ သုတေသနနယ်ပယ်က စာတမ်းတွေ၊ နယ်ပယ်အသီးသီးမှာ ထမ်းဆောင်နေကြတဲ့ တာဝန်တွေနဲ့ ဂါရဝပြု ဦးညွတ်ဂုဏ်ပြုလိုက်ပါတယ် အမိ မန္တလေးတက္ကသိုလ် …..

**(မန္တလေးတက္ကသိုလ် ရာပြည့်အခမ်းအနားအား ဂုဏ်ပြုပါသည်။)**

**နှိုင်ဗလ**




## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ရှိ ဇမ္ဗူဒီပါခန်းမတွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော လူငယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာကျော်တင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးပြီး လက်ထောက်ဆရာဝန် ဒေါက်တာရဲကျော်သူက လူငယ်နှင့်ယဉ်ကျေးမှု၊ အလုပ်သင်ဆရာဝန်များဖြစ်ကြသည့် မောင်အာကာကျော်က လူငယ်နှင့် ကျန်းမာရေး၊ မောင်ထက်ရှိန်လင်းက လူငယ်နှင့် ပရဟိတ၊ မထက်ထက်ဇော်က လူငယ်နှင့်ပညာရေး စသည့် ခေါင်းစဉ်များကိုလည်းကောင်း၊ နောက်ဆုံးနှစ်၊ ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မလွေးမြသဉ္ဇာခမ်းက လူငယ်နှင့်အားကစား၊ မောင်အောင်ကောင်းထွဋ်က လူငယ်နှင့်စာပေ၊ မောင်ကျော်ထက်က လူငယ်နှင့်အလုပ်အကိုင် အခွင့်အလမ်း စသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ချမ်းမြေ့(ချမ်း/စည်)**

## လုပ်ငန်းရှင်များက အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရေင်းချမှုကို လိုက်နာဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၃**

ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချမှုများကို လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်လျက်ရှိပြီး လိုက်နာခြင်းမရှိပါက ဒဏ်ကြေးပေးဆောင်ရမည်ဟု သိရသည်။

လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ပြေစာများတွင် အခွန်တံဆိပ်ခေါင်းများ ကပ်နှိပ်ရောင်းချရန် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြေစာရဲ့ ရှင်းလင်းမြင်သာတဲ့နေရာမှာ အခွန်အမှတ်တံဆိပ်တွေ စွဲမြဲအောင် ကပ်ရပါမယ်။ ကျသင့်အခွန်၊ အနီးစပ်ဆုံးတန်ဖိုးနဲ့တူညီတဲ့ တန်ဖိုးကြီး အခွန်အမှတ်တံဆိပ်တွေကို ကပ်ရပါမယ်။ အခွန်အမှတ်တံဆိပ် ကပ်နှိပ်တဲ့ပြေစာကို ဝန်ဆောင်မှုရယူတဲ့သူကို ပေးရမှာပါ။ လုပ်ငန်းရှင်အများစုက လိုက်နာဆောင်ရွက်ကြတာတွေ့ရပြီး နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးမှာ ဝိုင်းဝန်းကူညီကြတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြေစာ(သို့မဟုတ်)ငွေလက်ခံရရှိကြောင်း အထောက်အထားကို လုပ်ငန်းရှင်မှထားရှိသော်လည်း ဝယ်ယူသူ(သို့မဟုတ်)ဝန်ဆောင်မှုရယူသူထံ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည့်အပြင် ပျက်ကွက်မှု အကြိမ်အလိုက် ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ငွေကျပ် ၁၀ သိန်း၊ ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ငွေကျပ် သိန်း ၂၀၊ တတိယအကြိမ်ပျက်ကွက်ပါက ငွေကျပ် သိန်း ၃၀ နှင့် ၎င်းအထက် ပျက်ကွက်ပါက ငွေကျပ် သိန်း ၆၀ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။

"အခွန်အမှတ်တံဆိပ်ကပ်ထားတဲ့ ပြေစာမပေးဘဲ အမှန်တကယ် ပျက်ကွက်မှုရှိရင် ခိုင်မာတဲ့ အထောက်အထားနဲ့ သတင်းပေးပြည်သူတွေက တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားသူဘယ်သူဆိုတာကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်တာ မလုပ်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုများအတွက် ခိုင်မာစွာ သတင်းပေးတိုင်ကြားလာပါက မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးပြီး မှန်ကန်မှုရှိလျှင် တပ်ရိုက်ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို တိုင်ကြားသူအား ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## သူငွေးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွားစောကျေးရွာအုပ်စု၊ သူငွေးကန်ကျေးရွာ၌ ပထမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက သူငွေးကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသားအသင်းသူများကို တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ သိရှိလိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် စီမံကိန်းစာရင်းဇယားများ ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သူငွေးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၅ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၀ ဒသမ ၇၅ သန်း ၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၀ ဦးကို ပထမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

## မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧက ၄၁၀ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ပြောင်းဖူး ၁၄၀၀၀ ကျော် ထွက်ရှိ

**ပွင့်ဖြူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧက ၄၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၂၉၄ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ဧက ၄၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၄၀၀၀ ကျော်ထွက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၂၂၉၄ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးခဲ့တဲ့ ဖူးစားပြောင်းစိုက်ခင်းများကို ဒီနေ့မှာ စိုက်ဧက ၄၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ အထွက်နှုန်းများကောင်းဖို့အတွက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ပြီး ပိုးမွှားရောဂါကျရောက်မှုကင်းဝေးအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရိတ်သိမ်းဖို့ ကျန်ရှိတဲ့ ဖူးစားပြောင်း စိုက်ခင်းတွေကိုလည်း အချိန်မီရိတ်သိမ်းနိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ အထွက်နှုန်းကောင်းသောမျိုးများ ရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲစေရေးနှင့် တမာပိုးသတ်ဆေးသုံးစွဲနည်းပညာများပေးခြင်း စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သဖြင့် ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသအတွင်းစားနပ်ရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၅)**

၀-၀-၀-၀-၀-၀-၀



# အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း အမှတ်စဉ်(၅/၂၀၂၅) သင်တန်းဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း အမှတ်စဉ်(၅/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဉပုသ်တော်ရပ်ကွက်၊ ၁၂ လမ်း၊ ၇၃လမ်းထောင့်၊ မန္တလေးလူငယ်သင်တန်းကျောင်းရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်မောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေကြည်ဦး၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တာဝန်ခံ ဦးဝင်းမင်းစိုး၊ မန္တလေးလူငယ်သင်တန်းကျောင်းကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ဒုတိယကျောင်းအုပ်ကြီး ဦးစီးအရာရှိ ဦးစိုးနောင်နောင်ထွန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းအဖွင့်အမှာစကား ပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တာဝန်ခံက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ကျောင်းသား ၂၀ ဦးတို့အား အောက်တိုဘာ ၂ ရက်မှ ၃၁ ရက် အထိ သင်တန်းကာလ ရက် ၃၀ အတွင်း အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၉၃)

၀-၀-၀-၀-၀-၀





# အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲ ကျင်းပ

**ကလေး အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံစက်ချုပ်နည်းပညာသင်တန်း(၃/၂၀၂၅-၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ချမ်းမြေ့အောင်စည်ရပ်ကွက်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မော်အေးက သင်တန်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူ၍ အိုးမကွာအိမ်မကွာဖြင့် မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သော အမျိုးသမီးကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပြီး ဆက်လက်၍ ကလေးခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထထိုက်တန်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးက သင်တန်းသုံး ပစ္စည်းများကို သင်တန်းသူ တစ်ဦးထံ ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများမှ သင်တန်းဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုခဲ့ကြသည်။ အဆိုပါ သင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ သင်တန်းသူ ၂၀ ဦးအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

# အာဆီယံအစားအစာပြုလုပ်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် Burma Vocational College (BVC)တို့ ပူးပေါင်းဖွင့်လှစ်သော အာဆီယံအစားအစာပြုလုပ်ခြင်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ရက် မွန်းလွဲ ၁နာရီက အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းနှင့်၁၄လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီရုံးတွင် ကျင်းပသည်။ **(အောက်ပုံ)**




အာဆီယံအစားအစာပြုလုပ်ခြင်း သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်လတ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့် အလုပ်အမှုဆောင်များ၊ Burma Vocational College (BVC) မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ ASEAN Food Cooking Course သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။ (၀၄၅)

# ဒီဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်

**မကွေး အောက်တိုဘာ ၃**

ဒီဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများဖြစ်သည့် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းရွှေစင်နှင့် ဦးစီးမှူး ဒေါ်ယဉ်ယဉ်မျိုးတို့က သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ ဒီဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အသေးစားလုပ်ငန်းရှင် ၂၀ ဦးအား သင်တန်းနည်းပြများက Digital Literacy and Digital Transformation in MSMES အသုံးပြုနည်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရေးဆွဲထားသော SSID Online E-Commerce Website ဝင်ရောက်နည်း၊ အွန်လိုင်းစနစ်ဖြင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ၊ Online Sales မှတ်ပုံတင်လက်မှတ် လျှောက်ထားထုတ်ယူပုံနှင့် ဆောင်ရွက်ရသည့် နည်းလမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့ လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်းပွဲကို ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးညွှန်ကြားရေးမှူးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မိုးစပါးစိုက် ၁၃၂၂၃ ဧက စိုက်ပျိုးပြီးစီးရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**မိတ္ထီလာ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါး ၁၃၂၂၃ ဧက စိုက်ပျိုးပြီးစီးရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက မိုးစပါးကို ဆည်ရေ၊ ကန်ရေဖြင့်လည်းကောင်း၊ ဆည်ရေ၊ ကန်ရေ မရသည့် ဒေသများတွင် မိုးကောင်းရေသောက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ မိုးစပါး ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့ပြီး ၄င်းလျာထားသတ်မှတ်ထားသည့် စိုက်ဧကများ သတ်မှတ်လျာထားချက် ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံ စိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ မိုးစပါးများကို ဩဂုတ် ပထမပတ်မှ စတင်၍ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါး ၁၃၂၂၃ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။

အဆိုပါ မိုးစပါးစိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးကို ထမုန်ကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၅၀၊ ခင်လှူးကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ ညောင်ကိုင်းကျေးရွာအုပ်စုတွင် ဧက ၈၀၊ လှေ့ာ်ဖြူကန်ကျေးရွာအုပ်စုတွင် ဧက ၈၀၊ ကန်သာကျေးရွာအုပ်စုတွင် ဧက ၅၀၊ ညောင်ကန်ကျေးရွာအုပ်စုတွင် ၇၈ ဒသမ ၅၀ ဧက၊ ကျောင်းရွာကျေးရွာအုပ်စုတွင် ၁၀၁ ဒသမ ၅၀ ဧက၊ မြာကျေးရွာအုပ်စုတွင် ၃၆ ဧက၊ ကွက်ကျေးရွာအုပ်စုတွင် ၇၃ ဧက၊ အိုင်ကြီးလည်ကျေးရွာအုပ်စုတွင် ၃၈ ဧကနှင့် အလည်ရွာကျေးရွာတွင် ၁၃ ဧက၊ စုစုပေါင်း စိုက်ပျိုးဧက ၈၀၀ ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

(၄၆၉)

# မန္တလေးနဲ့ ငလျင်(ဌာပနာအမွေအနှစ်များ-၁၃)

ဌာပနာဆိုတာ သူ့ရဲ့မူရင်းအဓိပ္ပာယ်အရ ထည့်သွင်းကာ ရည်မှန်းကိုးကွယ်ခြင်း၊ ပူဇော်ခြင်းလို့ဆိုထားတဲ့အတွက် ဗုဒ္ဓဘာသာ မြန်မာတွေအတွက် သိပ်ပြီးနှစ်သက်စရာကောင်းတာပဲ။ မြတ်ဗုဒ္ဓ သဗ္ဗညုတဘုရားမဖြစ်မီ အလောင်းတော်ဘဝ နိမိတ်ကြီးလေးပါးကိုမြင်ပြီး တောထွက်ကာ ဆံတော်ပယ်တော့ ဆံတော်ကို သိကြားမင်းက ပင့်ဆောင်ပြီး တာဝတိံသာနတ်ပြည်က စူဠာမုနိစေတီထဲမှာ ဌာပနာတယ်။ တစ်ခါ ခါးဝတ်ခါးစားတွေကို ကြာသကိန်းနဲ့ လဲလှယ်ပြီး ဝတ်ရုံပြီးတော့ ဃဋိကာယ ဗြဟ္မာကြီးက ဗြဟ္မာ့ပြည်မှာ ဒုဿမုနိစေတီတည်ပြီး အဝတ်အစားတွေကို ဌာပနာတယ်။ ဘုရားဖြစ်ပြီး လက်ယာရံ အဂ္ဂသာဝကကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာ နိဗ္ဗာန်စံဝင်လို့ မီးသင်္ဂြိုဟ်အပြီး ကြွင်းကျန်ရစ်တဲ့ အရိုးနဲ့ပြာတွေကို သူ့ညီတော် စုန္ဒမထေရ်က သပိတ်ထဲထည့်ယူလာပြီး မြတ်ဘုရားအား ဘာဆက်လုပ်ရမလဲမေးတော့ ဘုရားက စေတီတည်ပြီး ဌာပနာစေတယ်။ နောက်ဆုံး မြတ်ဘုရားကိုယ်တိုင် ပရိနိဗ္ဗာန်စံဝင်ခါနီး ရှင်အာနန္ဒာကမေးတော့ ဘယ်နည်းဘယ်ပုံ သင်္ဂြိုဟ်ရမယ်၊ ကြွင်းကျန်ရစ်တဲ့ ဓာတ်တော်၊ မွေတော်တွေကို စေတီတည်ပြီး ဌာပနာရမယ်လို့ မဟာပရိနိဗ္ဗာနသုတ်တော်နဲ့ အတိအလင်း ဟောကြားခဲ့ပါတယ်။

အဲ့ဒီအစဉ်အလာဟာ မြတ်ဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၀၀ ကျော်မှာ သီရိဓမ္မာသောကမင်းကြီးလက်ထက် မြတ်ဘုရားရဲ့ ဓာတ်တော်တွေကို ပြန်လည်စုစည်းပြီး ထူပါကြီးတည်တော့ ဓာတ်တော်တွေသာမက ရတနာတွေကိုပါ နောင်လာနောက်သားမင်းလေးမင်းမွှားတို့ ပြန်လည်ပြုပြင်တဲ့အခါ လိုရာသုံးဖို့ထည့်သွင်းဌာပနာခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းကစပြီး ဗုဒ္ဓဘာသာ ပျံ့နှံ့ရောက်ရှိရာ နေရာဒေသတွေမှာ ဘုရားပုထိုးနဲ့ စေတီတော်တွေ တည်ထားကိုးကွယ်ကြတော့ ဓာတ်တော်၊ မွေတော်အစစ်တွေကိုရဖို့ အခက်အခဲရှိလာလို့ထင်ပါရဲ့ ဓာတ်တော်မွေတော်တွေ ဌာပနာတဲ့ ဓာတုစေတီအစား မြတ်ဘုရားဟောကြားခဲ့တဲ့ ဓမ္မတွေကို ရွှေငွေပေလွှာတွေမှာရေးပြီး ဌာပနာတဲ့ ဓမ္မစေတီနဲ့ မြတ်ဘုရားကို ရည်မှန်းထုလုပ်ထားတဲ့ ဆင်းတုတော်၊ ရုပ်ပွားတော်တွေ ဌာပနာပြီး တည်ဆောက်ခဲ့တဲ့ ဥဒ္ဒိဿစေတီတော်တွေအဖြစ် အတွေ့ရများလာပါတော့တယ်။ အဲ့ဒီအစဉ်အလာအတိုင်း နှစ်ကာလကြာရှည်လာတော့ နောက်ပိုင်း မြတ်ဘုရားရုပ်ပွားဆင်းတုတော်အပြင် တခြားရုပ်လုံးရုပ်တုတွေပါ ထည့်သွင်းဌာပနာလာကြတာ တွေ့လာရပြန်ပါတယ်။

ဒါကြောင့် အခုမန္တလေးဝန်းကျင်ကို ဗဟိုပြုပြီးလှုပ်ခတ်ခဲ့တဲ့ အင်အားပြင်း ငလျင်ကြီးကြောင့် ပြိုပျက်တဲ့ စေတီတော်ထဲကနေ ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ခန့်က တည်ခဲ့ပြုပြင်ခဲ့တဲ့ စေတီတော်ထဲ ဘိုးတော်ရုပ်၊ ဓာတ်လုံး၊ အင်းအိုင်၊ ရှင်ဥပဂုတ် စုံနေအောင် ဌာပနာခဲ့ကြတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ အဲ့ဒါအပြင် မြတ်ဘုရားကို မဏိတော်နဲ့ ဥဏှီသရောင်လျှံတော်မပါဘဲ ဦးပြည်းသက်သက်(ခေါင်းတုံး)ပုံ တွေ့ရသလို မကိုဋ်ဆောင်း ဆင်းတုတော်တို့ကိုလည်း ငွေပန်းထိမ်နဲ့ ထုလုပ်ဌာပနာထားတာကို တွေ့ရပြန်ပါတယ်။ ဘုရားဆင်းတုတော်ကို မကိုဋ်ဆောင်းပုံ၊ မင်းဝတ်ပုံ ထုလုပ်ကိုးကွယ်တာ ပုဂံခေတ်နှောင်းပိုင်းကာလလောက်ကတည်းက ရှိခဲ့ပါတယ်လို့ ကျွန်တော့်ရဲ့ ရှေ့ဆောင်းပါးမှာ ရေးခဲ့ပြီးပါပြီ။ အခုမကိုဋ်ဆောင်းတာ ထပ်ပြီးရေးရတာ မေးစရာရှိပါတယ်။ ပုဂံခေတ်နှောင်းပိုင်းကစပြီးတွေ့ရတဲ့ မကိုဋ်ဆောင်းဟာ မကိုဋ်သီးသန့်မဟုတ်ပါ။ နရဒင်းလို့ခေါ်တဲ့ နားကင်းနဲ့ လည်ရွဲတော်ပါရှိပါတယ်။ မကိုဋ်၊ နားကင်း၊ လည်ရွဲအပြင် ဒက်ဘယက်၊ စလွယ်၊ ခါးစည်း၊ လက်မောင်းကြပ်၊ လက်ကောက်နဲ့ လက်စွပ်အပြည့်အစုံ ပါတာမျိုးကို ခေါ်တာပါ။

နောက်ပြီး လက်စွမ်းပြထုလုပ်ထားတဲ့ မကိုဋ်တို့ သရဖူတို့ကလည်း ခေတ်အလိုက် အစိတ်အပိုင်းလေးတွေ ပြောင်းလဲကွာခြားမှု ရှိပါတယ်။ စာရေးသူ အခုတင်ပြမှာက ထူးခြားတဲ့ မကိုဋ်ဆောင်း ငွေဆင်းတုတော်လေး တစ်ဆူအကြောင်းပါ။ အဲ့ဒီ မကိုဋ်ဆောင်း ငွေဆင်းတုတော်လေးကို အမရပူရမြို့ဟောင်း ရွှေဂူကြီးဘုရားဝင်းထဲက ရွှေဂူသာလိုဏ်ဘုရား တနင်္ဂနွေထောင့်က ဌာပနာတိုက်ထဲက တွေ့ခဲ့တာပါ။ ကျွန်တော်တို့ ရှေးဟောင်းအနေနဲ့ ရွှေဂူသာဘုရားဟာ ကုန်းဘောင်ခေတ်ဦး နံရံဆေးရေးများရှိလို့ ဌာနက ထိန်းသိမ်းထားတဲ့ ဘုရားတစ်ဆူပါ။ အမရပူရမှာ နံရံဆေးရေးရှိတဲ့ ဘုရားအရေအတွက်က လက်တစ်ဖက်ချိုးစာလောက်ပဲ ရှိတာပါ။ အဲ့ဒီဘုရားတွေ အကုန်လုံး ငလျင်ကြောင့် ပြိုကုန်ပါတယ်။ တောင်သမန် ကျောက်တော်ကြီး တစ်ဆူပဲ စေတီတော်အပေါ်ပိုင်း ထိခိုက်ပျက်စီးပေမယ့် နံရံဆေးရေးတွေ မပျက်စီးတာပါ။ ကျန်တဲ့ဘုရားတွေက နံရံဆေးရေးတွေ အကုန်ပျက်စီးပါတယ်။ ရွှေဂူသာဘုရားလည်း ပါတာပေါ့။

ရွှေဂူသာဘုရားနဲ့ နံရံဆေးရေးထိန်းသိမ်းဖို့နေနေသာသာ အပြိုအပျက်တောင် မရှင်းလင်းရသေးဘူး။ အဲ့ဒီ အပြိုအပျက်တွေအပေါ် ကိုရင်ငယ်တွေ တက်ဆော့ကြရင်း ဌာပနာတွေ တွေ့ရတာပါ။ ဒါကို တာဝန်ရှိတဲ့ဆရာတော်ကကြီးကြပ်ပြီး ဌာပနာတွေကို စနစ်တကျ ထုတ်ယူလို့သာ အပျက်အစီးမရှိ အားလုံးအကောင်းအတိုင်း ရခဲ့တာပါ။ အဲ့ဒါတွေကို သွားပြီးစာရင်းကောက်ယူ၊ ခေတ်ခွဲခြားမှတ်တမ်းတင်ရင်း ထူးခြားတဲ့ မကိုဋ်ဆောင်း ဆင်းတုတော်တွေ့ရလို့ စာဖတ်ပရိသတ်လည်း ဗဟုသုတရအောင် ရေးလိုက်ရခြင်း ဖြစ်ပါတယ်။ ပထမဆုံးထူးခြားချက်က ဌာပနာတွေထဲမှာ ပါးလွှာတဲ့ ငွေပြားနဲ့ ဘုရားဆင်းတုတော် ဖန်တီးမှုကို ကုန်းဘောင်ခေတ်ဦးကာလမှာ စတင်တွေ့ရပါတယ်။ ဆင်ဖြူရှင် မြေဒူးမင်း အယုဒ္ဓယကို အောင်နိုင်ပြီး ခေါ်လာတဲ့ ထိုင်းတွေက စတင်ပြုလုပ်ခဲ့ပြီး နောက်ပိုင်းမှ မြန်မာတွေလုပ်တာလို့ သုံးသပ်ရပါတယ်။ အဲ့ဒီလို ငွေပြားခတ် ဆင်းတုတော်တွေမှာ ဘုရားကို မကိုဋ်ဆောင်းအဖြစ် ဖန်တီးထားတာ အခုပထမဆုံး တွေ့ရတာဖြစ်ပါတယ်။

ဒုတိယ ထူးခြားတာက ဒီမကိုဋ်ဆောင်း ငွေပြားခတ် ဆင်းတုတော်ဟာ အမရပူရခေတ်ဦး ဘိုးတော်ဘုရားလက်ထက် လက်ရာလို့ အသေအချာ ပြောနိုင်ပါတယ်။ ဆင်းတုတော်ရဲ့ မျက်နှာတော်မှာပါရှိတဲ့ အစိတ်အပိုင်းတွေရဲ့ ပုံသဏ္ဌာန်ရော ဟန်ပန်ရောဟာ မန္တလေး ကုသိုလ်တော်ဘုရားအနီးမှာရှိတဲ့ စန္ဒာမုနိဆင်းတုတော်နဲ့ တထေရာတည်းလို့ ပြောလို့ရပါတယ်။ အထူးသဖြင့် နှုတ်ခမ်းတော်ပုံစံပါ။ အပေါ်နှုတ်ခမ်းဟာ အောက်နှုတ်ခမ်းထက်အပြင်ကို ပိုပြီးရောက်နေလို့ ဘေးတိုက်ကြည့်ရင် နှုတ်ခမ်းစူနေတယ်လို့ ချစ်စနိုးပြောလေ့ရှိတဲ့ နှုတ်ခမ်းမျိုးပါ။ တတိယထူးခြားတာက မဟာမုနိရုပ်ရှင်တော်နဲ့ ပတ်သက်နေလို့ပါ။ ဘယ်လိုဆက်စပ်နေလဲဆိုတာ နည်းနည်းရှင်းပြပါ့မယ်။

အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း မဟာမုနိရုပ်ရှင်တော်ရဲ့ မူလဇာတိမြေက ရခိုင်ပြည်ပါ။ စန္ဒသူရိယမင်းလက်ထက်မှာ ရခိုင်ကို မြတ် ဘုရားကြွလာပြီး တရားရေအေးတိုက်ကျွေးအပြီးမှာ ဘုရင်ကြီးက တောင်းပန်လို့ မြတ်ဘုရားက ကိုယ်စားတော်သွန်းလုပ်ကိုးကွယ်ရန် ခွင့်ပြုတော်မူခဲ့ပါတယ်။ သွန်းလောင်းတဲ့အခါမှာတော့ သင်းကျစ်တော်နဲ့ မဏိတော်နေရာဟာ ကြိုးစားသွန်းလောင်းကြသော်လည်း မအောင်မြင်လို့ နောက်ဆုံး မြတ်ဘုရားကိုယ်တိုင် ကြွတော်မူလာပြီး ရင်ငွေ့တော် ၇ ကြိမ်လှုံတော့မှ တင့်တယ်သပ္ပာယ်စွာ ဖူးလို့ရတယ်လို့ ဆိုပါတယ်။ အဲ့ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ တစ်ဆူတည်းသော ရုပ်ရှင်တော်လို့ ဂုဏ်ယူကြတာပေါ့။ အဲ့ဒီသတင်းကြောင့် ပုဂံခေတ်က အလောင်းစည်သူလို ဘုရင်ကပင့်ဆောင်ဖို့ကြိုးစားခဲ့ပေမယ့် အောင်မြင်မှု မရခဲ့ပါဘူး။ ဘိုးဘေးတွေ ပင့်ဆောင်ဖို့ မအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တော်ကို အမရပူရ ပထမမြို့နန်းတည် ဘိုးတော်ဗဒုံမင်းလက်ထက်မှာ သားတော်အိမ်ရှေ့စံနဲ့ ကာမမင်းသားတို့ ဦးဆောင်တဲ့ တပ်တော်များစေလွှတ်ကာ ပင့်ဆောင်စေတော့ အောင်မြင်ခဲ့ပါတယ်။

မဟာမုနိရုပ်ရှင်တော်ကို ရခိုင်ပြည် ဓညဝတီကနေ တောတောင်အထပ်ထပ်ဖြတ်ကျော်ပြီး နောက်ဆုံး မြစ်ကြောင်းလမ်းနဲ့ စစ်ကိုင်းမြို့ လေးကျွန်းအောင်မြေ ဆိပ်ကမ်းကို မြန်မာသက္ကရာဇ် ၁၁၄၇ ခုနှစ်မှာ ရောက်ရှိလာတော့ ကြည်ညိုလွန်းတဲ့ ဘိုးတော်ဗဒုံမင်းဟာ မြစ်ထဲကိုလည်းအထိ ရေအနက်တိုင်ဆင်းပြီး ကိုယ်တိုင်ဖောင်ကြိုးငင်လို့ ပင့်ဆောင်ခဲ့ပါတယ်။ ပြီးတဲ့အခါ အမရပူရမြို့တော်ကို ပင့်ဆောင်ပြီး မြို့မြောက်ဘက် တာ ၁၀၀၀ အကွာအတွင်းမှာ အုတ်လိုဏ်ပြာသာဒ်အပြင်က ဘုံ ၇ ဆင့် ပြာသာဒ်တော်ကြီး တည်ဆောက်လို့ ကိန်းဝပ်စံပယ်စေခဲ့ပါတယ်။ အဲ့ဒါတွေမပြီးခင် တောင်သမန်ရွာအနီးမှာ ယာယီပြာသာဒ်တော်တည်ဆောက်ပြီး ခေတ္တခဏကိန်းဝပ် စံပယ်စေခဲ့ရာ အဲ့ဒီနေရာဟာ အခုထိ ပြာသာဒ်ကြီးရွာလို့ တွင်နေဆဲပါ။ ကြီးကျယ်ခမ်းနားတဲ့ ရွှေပြာသာဒ်ကြီးအပြီးမှာတော့ ရုပ်ရှင်တော်ကို ထာဝရကိန်းဝပ်စံပယ်စေပြီး နေ့စဉ်မပျက် ဆွမ်း၊ ကွမ်း၊ ပန်း၊ ရေချမ်းအပြင် စည်တော်စုံနဲ့ပါ ပူဇော်ခဲ့ပါတယ်။



မကိုဋ်ဆောင်း ငွေပြားခတ် ဆင်းတုတော်

အထူးသဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို သူများတကာနဲ့မတူစေဘဲ ပုစွန်ခွံရွှေသင်္ကန်းကပ်ပြီး စိန္တာမဏိမကိုဋ်တော်နဲ့ သင်းကျစ်တော်တို့ကို ရွှေစင်ရွှေသားနဲ့ပြုလုပ်ပြီး ကပ်လှူပူဇော်ခဲ့တယ်ဆိုတာ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးထဲမှာ အထင်အရှား ရှိခဲ့ပါတယ်။ မဟာမုနိရုပ်ရှင်တော်ရဲ့ လက်ရှိမကိုဋ်တော်ဟာ သီပေါမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်မှာ မီးသင့်ပြီးမှ အသစ်ပြန်လည်ပြုလုပ်လှူဒါန်းထားတဲ့ ရတနာပုံခေတ်လက်ရာပါ။ ဘိုးတော်ရဲ့ အမရပူရခေတ် မူလလက်ရာမဟုတ်ပါ။ ဘာကွာလည်းဆိုရင် စာရှုသူတို့ပဲ အခုတင်ပြထားတဲ့ ဓာတ်ပုံထဲက မကိုဋ်တော်၊ နားကင်းတော်နဲ့ လက်ရှိ မကိုဋ်တော်၊ နားကင်းတော်တို့ကို နှိုင်းယှဉ်ကြည့်ကြပါတော့ ဓာတ်ပုံထဲက ဘိုးတော်ဗဒုံမင်းရဲ့ မကိုဋ်တော်က သင်းကျစ်တော်မပါဘဲ သကြည့်ထောင်လေးဆင့်နဲ့ အထွတ်မကုဋ ပါရှိပါတယ်။ နောက်ပြီး သင်းကျစ်တော်ဟာ အခုလက်ရှိလို ကားကားကြီးမဟုတ်ဘဲ နားတော်ဘေးမှာ သွယ်လျလျနဲ့ ပန်းထောင်ပန်းရွက်များ ပုလဲတန်းများနဲ့ အတော်သဘာဝကျစွာ ဖူးတွေ့ရပါတယ်။ မျက်လုံးတော်က စက္ခုမြှေးချထားလို့ ကြည်ညိုဖွယ်ရာဆောင်နေသလို သင်္ကန်းတော်ကလည်း ရိုးရိုးရှင်းရှင်းနဲ့ သပ္ပာယ်လှပါတယ်။

ထူးခြားချက်က အထက်မှာဆိုခဲ့သလို နှုတ်ခမ်းတော်ပါ။ တကယ့်ကို အမရပူရခေတ်ရဲ့ စံကိုပီပြင်အောင် ထုလုပ်ထားတာ တွေ့ရပါတယ်။ ပြီးတော့ စမခဏ်မပါဘဲ ကြာပလ္လင်ပေါ် စံမြန်းနေဟန်ကလည်း တကယ့်ကို မြန်မာဆန်လှပါတယ်။ အဓိကတင်ပြလိုတာက အင်အားပြင်းငလျင်ကြီးကြောင့် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်တွေပြိုလို့ ဝမ်းနည်းရသော်လည်း အပြိုအပျက်တွေထဲက ထွက်ပေါ်လာလို့ အခုတွေ့ရှိရတဲ့ မကိုဋ်ဆောင်းငွေပြားဌာပနာဆင်းတုတော်ကြောင့် သမိုင်းကြောင်းမှတ်တမ်းအထောက်အထားနဲ့ကိုက်ညီတဲ့ အမရပူရခေတ်ဦး ဘိုးတော်ဗဒုံမင်းလက်ထက်လက်ရာကို လေ့လာခွင့်ရလိုက်တာ အရှုံးထဲက အမြတ်လို့ပဲ ခံယူမိပါကြောင်း။

ကျမ်းကိုး။ ။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး
ကွင်းဆင်းသုတေသနတွေ့ရှိချက်များ

ရက္ခိတ(ရှေး/သု)

## ဆံသသင်တန်းသားများက ရပ်ကွက်များအတွင်း ပရဟိတအဖြစ် အခမဲ့ဆံပင်ညှပ်ဝန်ဆောင်မှုပေး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးမြို့တွင် ဂျပ်စ်ဆံသသင်တန်းသားများက ပရဟိတအဖြစ် မန္တလေး ပြည်သူ့ဆေးရုံကြီးအတွင်းနှင့် ရပ်ကွက်များအတွင်း လှည့်လည်၍ အခမဲ့ဆံပင်ညှပ်ဝန်ဆောင်မှုပေးလျက်ရှိရာ လာရောက်ဆံပင်ညှပ်သူ များပြားကြောင်း သိရသည်။

အဆိုပါ ဆံသဝန်ဆောင်မှုပေးသည့် အဖွဲ့များသည် အပတ်စဉ် ကွင်းဆင်းကာ အခမဲ့ဆံသဝန်ဆောင်မှုပေးသဖြင့် ဆံပင်ညှပ်ရန် အခက်အခဲရှိသူများအတွက် အဆင်ပြေသကဲ့သို့ ၎င်းတို့အတွက် ဆံသလေ့ကျင့်မှု အခွင့်အလမ်းလည်း ရရှိသည်ဟု ပရဟိတဆံသအဖွဲ့မှ ကိုသက်ဦးလွင်က ပြောသည်။

"ဆိုင်သွားပြီး ဆံပင်ညှပ်ဖို့ အချိန်မရတာမျိုးနဲ့ ဆံပင်ညှပ်ဖို့ ငွေကြေးအခက်အခဲရှိသူတွေကို ကူညီရလို့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီအနေနဲ့ဆိုသလို ကျွန်တော်တို့လည်း ဆံသပညာလေ့ကျင့်ပြီးသား ဖြစ်ပါတယ်။ အခြားအဖွဲ့တွေလည်း သူတို့အစီအစဉ်နဲ့ သူတို့ ကွင်းဆင်းညှပ်ပေးနေကြတယ်။ ခုလို ညှပ်ပေးရတဲ့အတွက် ပြည်သူတွေကို တစ်ဖက်တစ်လမ်းက ကူညီခွင့်ရလို့ အရမ်းပျော်ပါတယ်"ဟု ၎င်းက ပြောသည်။



ပရဟိတအဖြစ် အခမဲ့ ဆံသဝန်ဆောင်မှုပေးနေသူများသည် သင်တန်းတက်နေချိန်ဖြစ်သည့်အတွက် ကျွမ်းကျင်မှု မရှိသေးသော်လည်း လေ့ကျင့်သည့်အနေဖြင့် ရပ်ကွက်များအတွင်း လှည့်လည်၍ အခမဲ့ဆံပင်ညှပ်ပေးခြင်းဖြစ်ရာ ရပ်ကွက်ပြည်သူများအတွက်လည်း ဆံသစရိတ်သက်သာကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇေလင်း(မန္တလေးမန်းနေ့စဉ်)**

## လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကာယစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကျေးသီး အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျေးသီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အာရုံစူးစိုက်လေ့လာမှု၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် ပြိုင်ပွဲကိုကျင်းပရာ အ·မ·က (မူလွန်)ကျောင်း လုံပုမှ ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ကလေးငယ်များအား ဆုများနှင့် လက်ဆောင်ပစ္စည်းများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး (Talk Show)ဆွေးနွေး

**ပခုက္ကူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီခွဲက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး(Talk Show) ဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်နှင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ပခုက္ကူမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ထွေးထွေးခိုင်တို့က မြန်မာနိုင်ငံတွင် ဥပဒေအရ သတ်မှတ်ထားသော ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား ပေါ်ပေါက်ရခြင်းအကြောင်းရင်းများ၊ ကလေးအလုပ်သမား အများဆုံးတွေ့မြင်ရသော အလုပ်ဌာနများ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ၊ အလုပ်လုပ်ကိုင်နိုင်သော ကလေးအလုပ်သမား၏ အသက်အရွယ်၊ အလုပ်အကိုင်အမျိုးအစားနှင့် အလုပ်ချိန်သတ်မှတ်ချက်များ၊ သတ်မှတ်ချက်ထက်ကျော်လွန်၍ ခိုင်းစေသူများအား အရေးယူအပြစ်ပေးနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးအလုပ်သမားများ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများ၊ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဌာနဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများက ကလေးအလုပ်သမားပပျောက်ရေးနှင့် ကလေးငယ်များ၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေးတို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများ အကြောင်းတို့ကို အကျယ်တဝင့် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၃၄၀)



ဖတ်စရာ၊ မှတ်စရာ

စုံလင်

မန္တလေး

## အဘိဓမ္မာအခါတော်နေ့

* အဘိဓမ္မာ အခါတော်နေ့ဟာ
သီတင်းကျွတ်လပြည့်ပါ။
ဘုရားရှင် ကိုယ်တော်မြတ်ကြီး
တာဝတိံသာနတ်ပြည်ခရီး ။

* မယ်တော်နတ်သားနဲ့ အခြံအရံတွေ
ပဋ္ဌာန်းအဘိဓမ္မာတရားရည်။
ဝါတွင်းသုံးလ ဟောကြားထား
သောတာပန်အဖြစ် တည်စေသား ။

* အဘိဓမ္မာအခါတော်နေ့မှာ
မြတ်စွာဘုရားရှင်ဟာ။
ရွှေငွေပတ္တမြားစောင်းတန်းမှ
နတ်ပြည်ကနေ လူ့ပြည်ကြွ။

* မြတ်စွာဘုရားကို ဖူးမြော်ကာ
ကြည်ညိုသဒ္ဓါပွားကြတာ။
ရဟန်းရှင်လူများ ဆန္ဒ
ဘုရားအဖြစ်ကို ဆုပန်ကြ။

* ယနေ့အချိန်ခါသမယမှာ
မြတ်စွာဘုရားကို ရည်စူးကာ။
ဆီမီးရောင်စုံပူဇော်ထား
သီတင်းကျွတ်လပြည့်မှာ ကုသိုလ်ပွား ။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**

## နယ်လှည့်စာကြည့်တိုက်နှင့်အသိပညာပေးပြပွဲ ဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးပြပွဲကို ယနေ့နံနက်ပိုင်းက အ·မ·က(ဈေးရပ်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာစောင်များလာရောက်ငှားရမ်းဖတ်ရှုကြရန်အတွက် အသိပညာပေးဟောပြောပြီး စာအုပ်၊ စာစောင်များနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နံရံကပ်စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**



# သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ပခုက္ကူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၄)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးအဖြစ် ဆီမီး ၁၀၀၀ထွန်းညှိပူဇော်ပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ ဆွမ်းလုံးတော်ကြီးတင်လှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် သီတင်းကျွတ်မီးထွန်းပွဲတော်အဖြစ် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက်၊ အရံစေတီများ၊ တန်ဆောင်းနှင့်အုတ်တံတိုင်းများ၌ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအပြင် လျှပ်စစ်ရောင်စုံမီးများ၊ မီးပန်းများဖြင့် အလှဆင်ကာ ဝေဝေဆာဆာဖြင့် ဘုရားဖူးပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းလုံးတော်ကြီး ၇၃လုံး တင်လှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် သီတင်းကျွတ်လဆန်း ၁၃ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကျင်းပသွားမည်ဖြစ်ပြီး အဆိုပါခြင်းအလှခတ်ပွဲတွင် မြန်မာ့ဂုဏ်ဆောင် တစ်ပင်တိုင် မင်းသမီးလေး ခြင်းလိပ်ပြာ နန္ဒာဝင်းအပါအဝင် ခြင်းမင်းသား၊ မင်းသမီးများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးမှ အောင်မင်းထွေး၊ မန္တလေးတိုင်းဒေသကြီးမှ မိုးထက်မြင့်၊ မျိုးဆက်သာနှင့် စိုးဝေနှင်း၊ မကွေးတိုင်းဒေသကြီးမှ ကိုရှိန်း၊ တင်တင်လင်း၊ အောင်သူဘိုတို့ ပါဝင်မည်ဖြစ်ကြောင်း ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ) (၃၄၀)



# သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့၊ အလှူငွေပေးအပ်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်ရှိ အိမ်တော်ရာဘုရားတွင် ပြုလုပ်သည်။

သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး အိမ်တော်ရာဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက အိမ်တော်ရာဘုရား ဘက်စုံပြုပြင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

မောင်ပြည်သူ(မန္တလေး)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ငလျင်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် ငွေလှူဒါန်း



**မန္တလေး အောက်တိုဘာ ၃**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် မတ် ၂၈ ရက်က အင်အားပြင်းငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပြုပြင်ရေးအတွက် ပါမောက္ခချုပ် ဆရာတော်ကြီးအမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ မော်ကွန်းထိန်းနှင့် နည်းပြဆရာတော်များ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့က စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သာသနိကအဆောက်အအုံများ ပြုပြင်ရာတွင် မြောက်ဘက်ဆွမ်းစားကျောင်းအား ပြင်ဆင်လျက်ရှိပြီး ခန့်မှန်းတွက်ချက်မှုအရငွေကျပ် သိန်း ၇၀၀ ခန့်ကုန်ကျမည်ဖြစ်သည်။ အကြီးစားပြင်ဆင်ရမည့် အဆောက်အအုံများတွင် မဟာဘွဲ့နှင်းခန်းမ ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၁၅၀၀ ခန့်၊ သိမ်တော်ကြီးခန့်မှန်းကုန်ကျငွေကျပ် သိန်း ၁၂၅၀ခန့်၊ တောင်ဘက်ဆွမ်းစားဆောင် ခန့်မှန်း ကုန်ကျငွေကျပ် သိန်း ၉၀၀ ခန့်ဖြစ်သည်။ (အပေါ်ပုံ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြုပြင်ရန် အောက်တိုဘာ ၁ရက်က မန္တလေးမြို့နေ ဦးစိုင်းမျိုးထိုက်+ဒေါ်ပုလဲ (ကျော်ပုလဲမိသားစု)က ဒုတိယအကြိမ်ကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ နွားထိုးကြီးမြို့၊ အမှတ်(၁)ရပ်နေ (ဖခင်) ဦးဘို+(မိခင်)ဒေါ်အေးတို့အား ရည်စူး၍ (သမီး) မခင်စောဝင်း၊ မမြင့်မြင့်ဌေး (ရွှေနေကြာမုန့်မျိုးစုံရောင်းဝယ်ရေး)က ငွေကျပ် သိန်း ၅၀တို့ကို လာရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (၀၄၅)



# ပြည်သူ့ဆေးရုံ၌ အသက်(၆၅)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသ

**ကံမ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၆၅)နှစ်အထက် အဘိုး၊အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါစစ်ဆေးပေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက် ၁၁နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် ၎င်းတို့၏ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်၊ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေး ဆရာ၊ ဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

# ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၃**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက် နန်းတော်ရှေ့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ မန္တလေးမြို့၊ ၃၂ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား မလွန်ဆန်ရှုအသင်းကြီးက အလှူငွေကျပ် ၁၀သိန်းနှင့် ဆန်လေးတင်းရှစ်ပြည်ကို ယမန်နေ့က ၆၂ လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ကိုယ်စား အလှူခံဌာနတာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂သို့ ဆက်သွယ်၍လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)

သင့် သွေးဖြင့် အသက် ကယ်ပါ။



# လွမ်းမောသတိရဖွယ်ရာ မန္တလေးတက္ကသိုလ်၏ ရာပြည့်ပွဲ

နယ်ချဲ့ဗြိတိသျှအစိုးရသည် ၎င်းတို့နယ်ချဲ့ရာ၌ အကောင်းဆုံးလက်နက်အဖြစ် ပညာရေးစနစ် တက္ကသိုလ် အက်ဥပဒေကြမ်းကြီးကို ၁၉၂၀ ပြည့်၊ ဇူလိုင်လ ၁၂ ရက် ဘုရင်ခံ၏ ကောင်စီအစည်းအဝေးတွင် တင်သွင်း၍ အဆိုပြုခဲ့ရာ တစ်ပြည်လုံး လှုပ်လှုပ်ရှရှ ဖြစ်ခဲ့ကြသည်။ ထို့နောက် ဇူလိုင်လ ၁၈ ရက် မြန်မာနိုင်ငံပြုပြင်ရေး အသင်းကြီးသည် အစည်းအဝေးကို ချက်ချင်းခေါ်ယူကာ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ခဲ့ကြလေသည်။ မန္တလေးမြို့တွင်လည်း လူထုအစည်းအဝေးကြီးက နယ်ချဲ့အစိုးရ မတ်ဟန်းတား၏ ခေတ်နောက်ပြန်ဆွဲသော လုပ်ဆောင်ချက်များနှင့် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ရာထူးမှ ဖယ်ရှားပေးရန် တောင်းဆိုဆန္ဒပြလာကြသည်။ ဩဂုတ် ၁ ရက်တွင် YMBA(ခေါ်)ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးက ကြီးမှူး၍ ဂျူဗလီဟောတွင် ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးကြီးကို ကျင်းပကာ-

(၁) ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အများပြည်သူများ မကြိုက်ကြသောကြောင့် ၁၉၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ကျင်းပမည့် ဥပဒေပြုအဖွဲ့က ဒိုင်အာခီအုပ်ချုပ်ရေးစနစ် စတင်မည့် ၁၉၂၃ အထိ ဆိုင်းငံ့ထားရန်။

(၂)နောင်အခါ ပညာတတ်များနည်းပါးစေရန် ရည်စူးပြီး ထိုဥပဒေကို ထုတ်ခဲ့သော ဗြိတိသျှမင်းကြီး မတ်ဟန်းတားအား မြန်မာနိုင်ငံမှ ပြောင်းရွှေ့ပေးရန် တောင်းဆိုခဲ့ကြပါသည်။

ထိုသို့ အမျိုးမျိုးကန့်ကွက်နေသည့် ကြားကပင် ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံ၏ ဗြိတိသျှ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်က ရန်ကုန်အက်ဥပဒေကို ထောက်ခံခဲ့သည်။ တစ်ဖန် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အိန္ဒိယဘုရင်ခံ ချမ်းစဖို့ဒ်က အတည်ပြုရန် ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

အဆိုပါရန်ကုန်တက္ကသိုလ် အက်ဥပဒေမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁)မြန်မာနိုင်ငံ၌ ဤတက္ကသိုလ် တစ်ခုတည်းသာ ရှိရမည်။

တက္ကသိုလ်အောက်တွင် ကောလိပ်ကောင်းတစ်ကျောင်းသာ ရှိရမည်။

(၂)ကောလိပ်ကျောင်း၌ ပညာသင်ကြားလိုသူများသည် ကျောင်းအိပ်ကျောင်းစားနေနိုင်သူများသာ ဖြစ်ရမည်။

(၃)တက္ကသိုလ်ဝင်စာမေးပွဲ မထားရှိတော့ဘဲ အစိုးရက ပြုလုပ်သော High School Final (ခေါ်) ဆယ်တန်းစာမေးပွဲကို အောင်ရမည်။ English စာနှင့် အခြားဘာသာရပ်တစ်ခုခုကို ထူးချွန်အောင်မြင်မှ အဆိုပါတက္ကသိုလ်ကို တက်ခွင့်ရမည်။

(၄) ဂုဏ်ထူးနှင့် ဝိဇ္ဇာတန်းတွင် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင် ဖြေဆိုခွင့်မပြု။

(၅) High School Final အောင်၍ တက္ကသိုလ်ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေနိုင်ရမည်။

(၆)ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေသော်လည်း နှစ်ကုန်တွင် ဤတက္ကသိုလ်ပညာရပ်များကို လိုက်နာရန် အရည်အချင်းမရှိသေးဟု သတ်မှတ်လျှင် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားခွင့်ရမည်မဟုတ် စသည်တို့ဖြစ်ကြပါသည်။ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်ကောလိပ်ကျောင်းသားများ ဖြစ်ကြသည့် ကိုဘခင်၊ ကိုဘိုးကွန်း၊ ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုထွန်းဝင်း၊ ကိုဖေသိန်း၊ ကိုဘရှင်(သံတွဲ)၊ ကိုညီပိတ်၊ ကိုဘရှင်(ထားဝယ်)၊ ကိုလှတင်နှင့် ကိုမောင်အေးတို့သည် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့်တွင်စုဝေးပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြု ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ရက်တွင် တက္ကသိုလ်ကျောင်းသားကြီးများ ဦးဆောင်သော ပထမကျောင်းသားသပိတ်သည် စတင်ခဲ့ရာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တစ်ဟုန်ထိုးပျံ့နှံ့သွားခဲ့လေတော့သည်။ ၁၉၂၀ ပြည့်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဂျီစီဘီအေ(ခေါ်)ဝံသာနုအသင်းချုပ်ကြီးတစ်ရပ် ပြုလုပ်ကာ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်-

(၁)မြန်မာနိုင်ငံအရပ်ရပ် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရန်။

(၂)ရန်ကုန်မြို့၌ အမျိုးသားတက္ကသိုလ်ကျောင်းကြီးတစ်ကျောင်း တည်ထောင်ဖွင့်လှစ်ရန်။

(၃)အသင်းချုပ်ကြီးနှင့် ဆက်သွယ်ထားသော အသင်းခွဲများက တည်ထောင်ထားခဲ့သော ကျောင်းများကိုလည်း အမျိုးသားကျောင်းများအဖြစ် ပြောင်းလဲရန်။

(၄)အမျိုးသားကျောင်းများကို စုပေါင်းအုပ်ချုပ်ရန်၊ လိုအပ်သော စီစဉ်ညွှန်ကြားချက်များကို ပြုလုပ်နိုင်ရေးအတွက် အမျိုးသားပညာရေးတစ်ခုဖွဲ့စည်းထားရှိရန်။ အထက်ပါဆုံးဖြတ်ချက်များကို ဦးမောင်ကြီး (M.A)ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အမှုဆောင်အဖွဲ့ဝင် ၃၂ ဦးတို့ဖြင့် ဖွဲ့စည်းလိုက်သည်။ ဤသို့ဖြင့် ၁၉၂၁ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက် ဦးအရိယကျောင်း၌ အမျိုးသားကောလိပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ရာ များမကြာမီ နယ်မြို့ကြီးများတွင် အမျိုးသားကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားကျောင်းများမှတစ်ဆင့် မန္တလေးတွင်လည်း ဥပစာကောလိပ်ကျောင်းတစ်ကျောင်း တည်ထောင်နိုင်ရန်လည်း ကြိုးပမ်းခဲ့ကြပါသည်။

ထိုသို့ ကြိုးပမ်းမှုများနှင့်အတူ ၁၉၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် မန္တလေးဥပစာကောလိပ်ကိုလည်း စတင်ဖွင့်လှစ်နိုင်ခဲ့သည်။အကြောင်းမှာ ပထမကမ္ဘာစစ်ကြီးကာလအတွင်းက ဗြိတိသျှတို့သည် ကိုလိုနီနိုင်ငံဖြစ်သော မြန်မာပြည်၏ အထွက်ကောင်း ဈေးကောင်းရခဲ့သော ဆန်စပါးထုတ်ကုန်က စစ်စရိတ်အတွက် ကြီးမားသော အထောက်အကူဖြစ်စေခဲ့သည်။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်အစိုးရက မြန်မာ့ဆန်စပါးစိုက်ပျိုးရေးအတွက် မန္တလေးတွင် စိုက်ပျိုးရေးသိပ္ပံကို တည်ထောင်ဖွင့်လှစ်ရာတွင် ထိုစိုက်ပျိုးရေးသိပ္ပံအဆောက်အအုံကြီးက မန္တလေးတက္ကသိုလ်ကြီးအဖြစ် စတင်ရာတွင် အဓိကနေရာမှ ပါဝင်လာခဲ့သည်။ ထိုအဆောက်အအုံကို ၁၉၂၁ ခုနှစ်၊ ဩဂုတ် ၂၉ ရက်တွင် မြန်မာပြည် ဘုရင်ခံဆာရီဂျင်နယ် ဟင်နရီကရက်ဒေါက်က အုတ်မြစ်ချပေးခဲ့သည်။

ထိုမှတ်တမ်းကို အဆောက်အအုံကြီး၏ မြောက်ဘက်အဝင်ပေါက်၏ ညာဘက်အောက်ခြေတွင်-

This stone was laid
By the Honourable
Sir Reginald Henry
Craddock, K.C.S.I.,
Lieut. Governor
of Burma on the 29th Day of August 1921.

ဟု အုတ်မြစ်ချသည့် ကျောက်စာကမ္ပည်းရေးထိုးထားသည်ကို လေ့လာနိုင်ပါသည်။

အဆောက်အအုံကြီးကို အုတ်မြစ်ချပြီးနောက် သုံးနှစ်အကြာ ၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာပြည်ဘုရင်ခံချုပ် ဆာစပင်ဆာဟာကုတ် ဘက်တလာက ဖွင့်လှစ်ပေးခဲ့ပါ၏။ ထိုမှတ်တမ်းကို မြောက်ဘက်အဝင်ပေါက် အထက်ထုပ်တန်းတွင်

This Building was opened by
His Excellency Sir Spencer Harcourt Buttler, GCIE, KCSI,
Governor of Burma, on the 22nd Day of December 1924.

ဟု ဖွင့်လှစ်သည့်ကျောက်စာကမ္ပည်းထိုးထားပါသည်။ အဆိုပါအဆောက်အအုံကို ငွေဒင်္ဂါး ၁၂သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သည်ဟု မှတ်သားရသည်။

အင်္ဂလိပ်အစိုးရက စိုက်ပျိုးရေးသိပ္ပံကို တည်ထောင်ခြင်းနှင့်အတူ အမှုထမ်းအဆင့်အလိုက် နယ်မြေရပ်ကွက်ကိုပါ ဖွဲ့စည်းခဲ့သည်။ ရာထူးအကြီးအသေးအလိုက် အင်ပီရီယယ်ကွာတား(Imperal Qr)၊ အေဒီအကွာတား (ADA–Assistant Director of Agriculture Qr)၊ အက်စ်အေအေ ကွာတား(SAA – Senior Agricultural Assistant Qr) နှင့် ဂျေအေအေ ကွာတား(Junior Agricultural Assistant Qr) ဟူ၍ ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်လာခဲ့ပြီးနောက် အမျိုးသားကျောင်း၊ အမျိုးသားကောလိပ်နှင့် အမျိုးသားပညာရေးတောင်းဆိုမှုများနှင့်အတူ အထက်ဗမာပြည် မန္တလေးမြို့တွင်လည်း ဥပစာကောလိပ်တစ်ကျောင်းဖွင့်လှစ်ပေးရန် မန္တလေးမြို့မိ၊ မြို့ဖများဖြစ်သည့် ဗဟိုရ်စည် ဦးဘဦး၊ ကျောက်စာဝန်တော် စိန်ခိုနှင့်ရသေ့ကြီး ဦးခန္တီတို့နှင့်အတူ ဗဟိုအမျိုးသားကျောင်းဆရာကြီး ဦးရာဇတ်တို့ဦးဆောင်ပြီး မန္တလေးမြို့လူထုက တောင်းဆိုကြသည်။ အကယ်၍ အင်္ဂလိပ်အစိုးရက မလိုက်လျောလျှင်လည်း မန္တလေးမြို့လူထုအနေနှင့် ကိုယ့်အလှူငွေနှင့် ကိုယ်၊ ကိုယ့်မြို့မှာ ကိုယ့်ကောလိပ်ကိုယ်ကိုယ်တိုင် ဖွင့်လှစ်ကြမည်ဟု တင်ပြကြသည်။ နိုင်ငံရေးမျက်နှာစာမှာလည်း ဂျီစီဘီအေ ဦးချစ်လှိုင်က ဦးဆောင်ပြီး တောင်းဆိုကြသည်။ တစ်ဆက်တည်း ဝံသာနုခေါင်းဆောင် ဦးဘဘေက ဥပဒေပြုကောင်စီတွင် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ရေး ဥပဒေအကြမ်းတင်ခဲ့ကြသည်။ ပထမအဆင့်အနေနှင့် ၁၉၂၄ ခုနှစ်၊ ဧပြီလတွင် အစိုးရက ဥပဒေကိုပြင်ဆင်ရန် အတည်ပြုပေးခဲ့ရသည်။ ထို့အပြင် ၁၉၂၄ ခုနှစ် ပြင်ဆင်ချက်ဥပဒေအရ အထက်ဗမာပြည်တွင် ဥပစာကောလိပ်စတင်ဖွင့်လှစ်ရန် ကော်မတီဖွဲ့စည်းနိုင်ခဲ့သည်။

ထို့ကြောင့် အထက်ဗမာပြည်အတွက် ဥပစာကောလိပ်ကို မန္တလေးမြို့တောင်ပြင် ဇောဓိကုန်းရပ်ကွက်တွင်ရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်းက တစ်ထပ်အုတ်တိုက်နီကလေးမှာ ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မန္တလေးဥပစာကောလိပ်ကို စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း အခက်အခဲအမျိုးမျိုးကြားမှ ချို့တဲ့စွာ ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်မီးတောက်လောင်သောအခါ ဥပစာကောလိပ်ကိုလည်း ပိတ်လိုက်ရသည်။ စစ်ကြီးပြီးသောအခါ မန္တလေးဥပစာကောလိပ် ပြန်ဖွင့်လှစ်နိုင်ရေးကို ဆရာကြီး ဦးရာဇတ်နှင့် ဆရာဦးကိုလေး(ဖေယျာမောင်)တို့က ပြန်လည်၍ ဦးဆောင်ဆောင်ရွက်ခဲ့ကြသည်။

စစ်ကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအစိုးရအဖွဲ့တွင် ဆရာကြီးဦးရာဇတ်က ဝန်ကြီးတာဝန်ယူခဲ့စဉ် မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ဆရာဦးကိုလေးနှင့်အတူ ထပ်မံကြိုးစားကြပြန်၏။ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ မေ ၂၉ ရက်တွင် ဆရာ ဦးကိုလေး(ဖေယျာမောင်)ကို ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ကာ မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်ဖို့တာဝန်ပေးလိုက်သည်။

ဆရာဦးကိုလေး(ဖေယျာမောင်)လည်း ကျောင်းအုပ်ကြီးတာဝန်ဖြင့် စစ်ကြီးကြောင့် ပျက်စီးသွားသော ပရိဘောဂများ၊ ကျောင်းဆောင်များ ပြန်လည်ရရှိရေးကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားမှုကြောင့် စစ်ကြီးအတွင်း စစ်ဘက်က ကြေးနန်းဌာနအဖြစ် သိမ်းယူထားသော စိုက်ပျိုးရေးသိပ္ပံက ရတနာပုံအဆောင်နှင့် စစ်ဘက်ကဆေးရုံအဖြစ် သိမ်းယူထားသော စိုက်ပျိုးရေးသိပ္ပံ ပင်မဆောင်ကြီးကို ဥပစာကောလိပ်က အသုံးပြုရန် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၅ ရက်တွင် ရရှိခဲ့သည်။

ရတနာပုံအဆောင်ကို ကျောင်းသားအိပ်ဆောင်အဖြစ် အသုံးပြုပြီး ပင်မဆောင်ကြီးကို စိုက်ပျိုးရေးဌာနနှင့်ညှိနှိုင်းကာ ပင်မဆောင်၏ အပေါ်နှစ်ထပ်ကို ကောလိပ်ကျောင်းအဖြစ်နှင့် ပင်မအောက်ထပ်ကို စိုက်ပျိုးရေးဌာနရုံးအဖြစ် အသုံးပြုခဲ့ကြသည်။

ဤသို့ဖြင့် ၁၉၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်းရှိ တစ်ထပ်အုတ်တိုက်နီကလေး၌ ကျောင်းသူ၊ ကျောင်းသား ၃၁ ဦးနှင့် ချို့တဲ့ခက်ခဲစွာ ဖွင့်လှစ်ခဲ့ရသော မန္တလေးဥပစာကောလိပ်သည် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် စိုက်ပျိုးရေးသိပ္ပံထံက လွှဲပြောင်းရယူခဲ့သော ခံ့ညားထည်ဝါလှသည့် ပင်မအဆောက်အအုံကြီးတွင် မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် ကျောင်းသူ၊ ကျောင်းသား ၁၂၇ ဦးဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ထို့ကြောင့် ယခုအခါ မန္တလေးတက္ကသိုလ်သည် ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ်၁၀၀ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးကြောင့် တက္ကသိုလ်၏ ပင်မအဆောက်အအုံမှာ မီးစတင်လောင်ကျွမ်းခဲ့ရာ မီးလောင်ကျွမ်းမှုကြောင့် ပင်မအဆောက်အအုံအပါအဝင် အခြားအဆောက်အအုံများ ပျက်စီးခဲ့သဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရာ ယခုအခါ မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီဖြစ်ပါကြောင်းနှင့် ယခု မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ပွဲ၊ ဆရာကန်တော့ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပနေပြီဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား– Wikipedia နှင့်မြန်မာစွယ်စုံကျမ်း အတွဲ ၉ အပိုင်း(ခ)**

**နော်ယဉ်ကျေး**

# ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအဆုံးသတ်ရန် အမေရိကန်၏ ငြိမ်းချမ်းရေးအစီအစဉ်အပေါ် ဟားမတ်စ်အဖွဲ့က မကြာမီတုံ့ပြန်မည်



**ဂါဇာစီးတီး အောက်တိုဘာ ၃**

ဂါဇာကမ်းမြောင်ဒေသပဋိပက္ခအဆုံးသတ်ရန် အမေရိကန်က အဆိုပြုထားသည့် အချက် ၂၀ ပါ ငြိမ်းချမ်းရေးအစီအစဉ်ကို ဟားမတ်စ်အဖွဲ့က မကြာမီ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ယနေ့ ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက ဒေသအတွင်း အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများလွှတ်ပေးရေးနှင့် ဟားမတ်စ်အဖွဲ့အား လက်နက်ဖျက်သိမ်းရေးတို့ ပါဝင်သော ငြိမ်းချမ်းရေးအစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်တွင် အဆိုပြုခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပြုချက်ကို လက်ခံရန် ဟားမတ်စ်အဖွဲ့ကို တိုက်တွန်းခဲ့သည်။

ငြိမ်းချမ်းရေးအစီအစဉ်ကို လက်ခံသဘောတူညီမှုမရှိပါက ဝမ်းနည်းစရာကောင်းသည့် အဆုံးသတ်ဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

ဟားမတ်စ်က အဆိုပါအစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်တွင် လက်ခံရရှိခဲ့ပြီးနောက် ပြည်တွင်းပြည်ပ ညှိနှိုင်းမှုများ စတင်ဆောင်ရွက်ခဲ့သည်။

စစ်ပွဲနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ရပ်တန့်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါအစီအစဉ်ကို ဆွေးနွေးမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားခဲ့သည်။

ဟားမတ်စ်က အဆိုပါ အစီအစဉ်နှင့်ပတ်သက်၍ ၎င်း၏ ရပ်တည်ချက်ကို မကြာမီ ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


ယခင် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များကို ဂါဇာကမ်းမြောင်မှ အပြီးတိုင် ဆုတ်ခွာပေးရန် ဟားမတ်စ်က တောင်းဆိုခဲ့သည်။

အမေရိကန်၏ငြိမ်းချမ်းရေးအစီအစဉ်တွင် တိုက်ပွဲနေရာများ ပြောင်းလဲမည်မဟုတ်ကြောင်းနှင့် နှစ်ဖက်တပ်များ အပြီးအပိုင်ဖယ်ရှားရန်သဘောတူညီထားသည့် အဆင့်များ မပြီးမချင်း ၎င်းတို့ရှိနေသည့် နေရာတွင် ဆက်လက်ရှိနေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပြုချက်ကို ဟားမတ်စ်က မည်သို့တုံ့ပြန်မည်လဲဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အီတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့်ကာလ (၃၅) နှစ်မြောက် စင်ကာပူခေါင်းဆောင်များ တရုတ်နိုင်ငံသို့ ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့



**စင်ကာပူ အောက်တိုဘာ ၃**

စင်ကာပူခေါင်းဆောင်များသည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် (၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၃ ရက်တွင် ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနကဖော်ပြသည်။

စင်ကာပူသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်တွင် သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ ပေးပို့သောစာတွင် စင်ကာပူသမ္မတ သာမန်ရှန်မူဂါရတ်နမ်က ဦးဆောင်ခဲ့သော ခေါင်းဆောင်များ၊ အထူးသဖြင့် မစ္စတာ လီကွမ်းယုနှင့် မစ္စတာ တိန့်ရှောင်ဖိန်တို့၏ ၁၉၇၀ ပြည့်လွန်နှစ်များက ကြိုးပမ်းမှုများကြောင့် ယနေ့ခေတ်တွင် ရရှိနေသော "နီးစပ်ပြီး ကျယ်ပြန့်သည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု" ကို ချီးကျူးဂုဏ်ပြုခဲ့သည်။

မစ္စတာ သာမန်က နှစ်နိုင်ငံဆက်ဆံရေးကို "ဘက်စုံ အရည်အသွေးမြင့် အနာဂတ်ဦးတည် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု" အဖြစ် အဆင့်မြှင့်တင်ခဲ့သည်ကို ထောက်ပြပြောဆိုသည်။

"ဆူကျိုး၊ ထျန်းကျင်းနှင့် ချုံချင့်တို့ရှိ ကျွန်ုပ်တို့၏ အစိုးရစီမံကိန်းများအပြင် ကွမ်ကျိုးရှိ ပြည်နယ်အဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ ဆက်လက်တိုးတက်နေပြီး အသွင်အပြင်သစ်များ ပေါ်ထွက်လာကာ ရှေ့အလားအလာကောင်းမွန်နေဆဲဖြစ်သည်" ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံသည် ဒစ်ဂျစ်တယ်နှင့် စိမ်းလန်းသော စီးပွားရေးများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ငွေကြေးပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာခြင်း စသည့် နယ်ပယ်သစ်များသို့ ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ခဲ့သည်။

နှစ်နိုင်ငံမှ နိုင်ငံသားများသည်လည်း ပညာသင်ကြားခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု ဖလှယ်မှုများမှတစ်ဆင့် ဆက်ဆံရေးများကို ခိုင်မာစေခဲ့ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀

## ဖိလစ်ပိုင်နိုင်ငံ စီဘူးနှင့်အနီးအနား ပြည်နယ်များတစ်လျှောက်တွင် လူပေါင်း ၈၀၀၀၀ နီးပါးကို ငလျင်အပြီး နေရာရွှေ့ပြောင်းနေထိုင်

**မနီလာ အောက်တိုဘာ ၃**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသ၌ ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့ပြီး နှစ်ရက်ကြာသည့်နောက်တွင်ပင် ဒေသခံအချို့ မတ်တပ်ရပ်လိုက်တိုင်း ခေါင်းထဲတွင် မူးဝေနေဆဲဖြစ်ကြောင်း သိရသည်။

ထိုသို့ ခေါင်းမူးဝေနေခြင်းနှင့် နောက်ဆက်တွဲငလျင်များ ဆက်တိုက်လှုပ်ခတ်နေခြင်းတို့ကြောင့် အသက် ၃၅ နှစ်အရွယ် ခရီးသွားလုပ်ငန်းအရာရှိဖြစ်သူ မစ္စအက်စ်တာလီကက်စ်နှင့် အသက်ရှင်ကျန်ရစ်သူ အများအပြားသည် ၎င်းတို့၏နေအိမ်များသို့ ပြန်ရန် အလွန်ကြောက်ရွံ့နေကြပြီး ယာယီတဲများတွင် နေထိုင်နေကြသည်။

လူဦးရေအထူထပ်ဆုံးသော ကျွန်းများထဲမှ တစ်ခုဖြစ်သည့် စီဘူး မြောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် ညပိုင်းတွင် အဆိုပါငလျင်လှုပ်ခဲ့ရာ လူအများအပြား အိပ်ပျော်နေရာမှ လန့်နိုးခဲ့ကြသည်။

ထိုငလျင်ကြောင့် နေအိမ်များ၊ အဆောက်အအုံများနှင့် ဘုရားကျောင်းများ ပြိုကျကာ လမ်းများတွင် အက်ကွဲကြောင်းများဖြစ်ပေါ်ပြီး အနည်းဆုံး လူ ၆၈ ဦး သေဆုံးကာ ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

"ကျွန်မတို့ ကြုံတွေ့ခဲ့ရတဲ့ အရာတွေကို ခုထိ စဉ်းစားလို့ မရသေးပါဘူး။ ဒီနှစ်ရက်အတွင်း ကျွန်မတို့ ကြုံတွေ့ခဲ့ရတာတွေက အရမ်းကို များပြားလွန်းပါတယ်" ဟု ငလျင်ဗဟိုချက်အနီးရှိ မက်ဒီလင်မြို့တွင် နေထိုင်သည့် အသက် ၃၅ နှစ်အရွယ် မစ္စအက်စ်တာလီကက်စ်က ပြောဆိုခဲ့သည်။

အဆိုပါငလျင်အပြီးတွင် စီဘူးနှင့် အနီးအနားရှိ ပြည်နယ်များတစ်လျှောက် လူပေါင်း ၈၀၀၀၀ နီးပါးကို ဘေးအန္တရာယ်တုံ့ပြန်ရေးအရာရှိများက နေရာရွှေ့ပြောင်းနေထိုင်စေခဲ့ကြောင်း သိရသည်။ **Mon**

## ဂျကာတာမှ ကီလိုမီတာ ၁၈၀ ခန့်အကွာ ဆာဂူလင်းရေလှောင်ကန်ပေါ်၌ ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စတင်တည်ဆောက်နေ

**ဂျကာတာ အောက်တိုဘာ ၃**

အင်ဒိုနီးရှားနိုင်ငံပိုင် ပီအယ်လအင်န်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသည် နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အနောက်ဂျာဗားပြည်နယ်တွင် ၉၂ မဂ္ဂါဝပ်ပီခ်ရှိသော ရေပေါ်ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၄ ခုနှစ်တွင် ၎င်း၏ ဓာတ်အားပေးစနစ်ထဲသို့ ထပ်မံဖြည့်တင်းမည့် ဓာတ်အားပမာဏ၏ ၆၁ ရာခိုင်နှုန်းနီးပါးဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၄၂ ဒသမ ၆ ဂစ်ဂါဝပ်ကို တိုးမြှင့်ထည့်သွင်းရန် စီစဉ်ထားသည်။ ထပ်တိုးစွမ်းအင်ပမာဏထဲတွင် ဆိုလာစွမ်းအင်မှ ၁၇ ဒသမ ၁ ဂစ်ဂါဝပ် ပါဝင်ရန် မျှော်မှန်းထားသည်။

မြို့တော် ဂျကာတာမှ ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ ဆာဂူလင်းရေလှောင်ကန်ပေါ်၌ တည်ဆောက်မည့် ထိုပီအယ်လ်အင်န်စက်ရုံသစ်သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် စီးပွားဖြစ်လုပ်ငန်းများ စတင်ရန် ရည်မှန်းထားသည်။

အဆိုပါစက်ရုံသည် နှစ်စဉ် ၁၃၀ ဂစ်ဂါဝပ် နာရီကျော် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည်ဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုကို တန်ချိန် ၁၀၄၀၀၀ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ဆာဂူလင်းစက်ရုံစီမံကိန်းသည် ယခင်က ပီအယ်လ်အင်န်ကုမ္ပဏီနှင့် ယူအေအီးအခြေစိုက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကုမ္ပဏီဖြစ်သည့် မတ်စဒါတို့ပူးပေါင်း၍ အနောက်ဂျာဗားတွင် ရှုပီယာ ၁ ဒသမ ၇ ထရီလျံ (အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၇၀ သန်း) ကုန်ကျခံတည်ဆောက်ခဲ့သော စီမံကိန်းနောက်တွင် ဆက်လက်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## ချေးငွေပမာဏ တိုးမြှင့်လာမည်ဟု ဗီယက်နမ်ဗဟိုဘဏ်ခန့်မှန်း၊ တည်ငြိမ်မှုထိန်းသိမ်းကာ စီးပွားတိုးတက်မှု ဦးစားပေးမည်ဟု ဆို

**ဟနွိုင်း အောက်တိုဘာ ၃**

ဗီယက်နမ်ဗဟိုဘဏ်သည် ယခုနှစ်အတွင်း ချေးငွေပမာဏကို ၁၉ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားပြီး တည်ငြိမ်မှုကို ထိန်းသိမ်းရင်း စီးပွားရေးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ဗဟိုဘဏ်အကြီးတန်းအရာရှိများက အောက်တိုဘာ ၃ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး ဖန်ထန်းဟာကလည်း သတင်းစာရှင်းလင်းပွဲတွင် စီးပွားဖြစ်ဘဏ်များ၏ ချေးငွေအတိုးနှုန်းများမှာ ကျဆင်းနေသည့်လမ်းကြောင်းပေါ်တွင် ရှိနေကြောင်း ပြောကြားခဲ့ပြီး နောက်ထပ် လျှော့ချမှုများ ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

"ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးဟာ မခန့်မှန်းနိုင်တဲ့ပုံစံမျိုးနဲ့ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်၊ အမေရိကန်ရဲ့ အခွန်စည်းကြပ်မှုမူဝါဒ၊ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးအခြေအနေ အန္တရာယ်တွေနဲ့ ပထဝီနိုင်ငံရေး ပဋိပက္ခတွေနဲ့ပတ်သက်ပြီး ဈေးကွက်မှာ စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်" ဟု ဖန်ထန်းဟာက ပြောကြားခဲ့သည်။

ငွေကြေးမူဝါဒဌာနဦးဆောင်သူ ဖန်ချိုကွမ်က ဗီယက်နမ် နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စွမ်းဆောင်ရည်မရှိသော ချေးငွေများ တိုးမလာစေရန် အာရုံစိုက်မည်ဖြစ်ကြောင်းနှင့် အန္တရာယ်ရှိသော ကဏ္ဍများသို့ ချေးငွေထုတ်ချေးခြင်းကို တင်းတင်းကြပ်ကြပ် ထိန်းချုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၇၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်စုမြတ်ထွေးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စုမြတ်ထွေး(ဘ)ဦးခင်မောင်ထွေး(၉/ခမစ(နိုင်)၀၃၇၄၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိအိခိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**(လ–၁/၄၇)၊ ၇၅လမ်း၊ ၁၁၃–အေလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၉၁၁၈၆၄၁၊ ၀၉–၇၉၆၅၀၃၇၄၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ်(၉၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်နိုင် ပါ-၃ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်သော ဦးဇင်ကိုဋ္ဌေး(ဘ)ဦးမြင့်ဋ္ဌေး(၈/မမန(နိုင်)၁၉၉၂၂၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၁၁၀+၁၁၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅ + ၀ ဒသမ ၀၂၇၅)ဧက၊ (၃၀× ၄၀)ပေ အကျယ်အဝန်းစီရှိ မြေကွက်များမှာ ဦးကျော်လွင်၊ WMDY -၃၀၇၇၉၀ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များဖြစ်ပါသည်။ အထက်ပါ မြေကွက်များထဲမှ ဦးပိုင်နံပါတ်(၁၁၀)၏ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းဦး(ဘ)ဦးမြင့်ကြည်(၁၃/တကန(နိုင်)၀၆၈၄၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဖဖ–၄၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၀)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၄၁ လမ်းနှင့် ၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထက်ထက်ခိုင်(၉/ရမသ(နိုင်)၀၀၀၂၈၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ) ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၁)၊ ဦးပိုင်အမှတ်(၅၄)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၂၆ လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီမ့်(၁၂/မဘန(နိုင်)၀၃၆၇၁၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၆၁)၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၀ ဒသမ ၁၀)ဧက အကျယ်အဝန်းရှိ ဦးကျော်ဝင်း + ဒေါ်သိန်းသိန်းတို့ နှစ်ဦးပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲအမည်ပေါက်သူ ဇနီးကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်အရ လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဦးကျော်ဝင်း(ဘ)ဦးအုန်းမောင်(၉/မနတ(နိုင်)၀၆၄၉၂၀)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**လမ်း(၃၀–အေ)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၇၃၅၀၀၇၁**

## ဒေါ်သိန်း၊ ဦးတင်မြတို့နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းအနောက်ရပ်ကွက်၊ အကွက်နံပါတ်(၅၇၅)၊ ဦးပိုင်အမှတ်(၁၂၂)၊ ဧရိယာ(၀ ဒသမ ၀၂၈၂)ဧက အကျယ်အဝန်းရှိ မောင်တင်မြ(ပါ-၂)အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သိန်းနှင့် ဦးတင်မြတို့ထံမှ ကျွန်တော်၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်လှလှမြိုင်၊ (၂) ဒေါ်လွင်လွင်ကျော်၊ (၃) ဒေါ်သက်သက်ကျော်၊ (၄) ဒေါ်စုစုကျော်၊ (၅) ဒေါ်အေးအေးသက်ခိုင်၊ (၆) ဦးကျော်စံလင်း၊ (၇) ဦးစိုးမိုးသူ၊ (၈) ဒေါ်ခိုင်သဇင်ဝင်းတို့က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်ထားလျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၂၀-၁၀-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သိန်း၊ ဦးတင်မြတို့နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနောင်ရိုးသိန်း (LL.B) ဦးဝေလင်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၂၆လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၉၃)၊ အိမ်အမှတ်(၃၇၆/၂)နေ ကျွန်ုပ်၏အမှုသည် ဦးထွန်းဝေနှင့် ဒေါ်မြမြရီတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးထွန်းဝေနှင့် ဒေါ်မြမြရီတို့၏ သားဖြစ်သူ ကိုအောင်ထွန်းဦး(ခ)ကိုအလီ(၉/ခအဇ(နိုင်)၀၀၄၈၅၈)သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲစေသည့် အပြောအဆို၊ အပြုအမူများ အကြိမ်ကြိမ်အခါခါ ပြောဆိုပြုမူကာ မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို လုံးဝ(လုံးဝ)မနာခံပါသောကြောင့် ကိုအောင်ထွန်းဦး(ခ)ကိုအလီ(၉/ခအဇ(နိုင်)၀၀၄၈၅၈)အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ကိုအောင်ထွန်းဦး(ခ)ကိုအလီနှင့် ပတ်သက်သမျှ မည်သည့်ကိစ္စအဝဝကိုမှ မိဘနှစ်ပါးက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်း သည်းခံပါ။)**

**အမှုသည်၏ ညွှန်ကြားချက်အရ–**

**ဒေါ်နှင်းသူအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**HNIN THU & ASSOCIATE LAW FIRM**

**၁၃လမ်း၊ ၈၂လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၉၇၀၃၉၅၉၃၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၄-ခ)၊ ဧရိယာ(၀ ဒသမ ၁၈၃၇)ဧက အကျယ်အဝန်းရှိ အစိုးရအမည်ပေါက် မြေကွက်အတွင်းမှ အလယ်ခြမ်းဧရိယာ(၀ ဒသမ ၀၄၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန်သွပ်မိုး(၁)ထပ်အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ အဆိုပြု ရောင်းချသူဖြစ်သည့် (၁) ဦးဂုံရမ်း(ဘ)ဦးအေ(မ်)ဗဟာဒူး(၉/မကန(နိုင်)၁၃၅၀၆၈)၊ (၂) ဒေါ်ဆူမိသရား(ဘ)ဦးတင်ဝင်း(၁၃/ပတယ(နိုင်)၀၅၁၆၇၄)တို့က ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြု ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ အဖြစ်စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး (ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ (ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း – ၀၉–၂၀၅၅၉၂၆၊ ၀၉–၇၅၂၄၅၅၉၂၆၊ ၀၉–၉၄၀၇၉၀၀၉၉၊ ၀၉–၇၉၇၃၅၀၀၇၁၊ ၀၉–၄၀၂၆၄၇၆၂၄**

❖ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ ယခုကဲ့သို့ ကျောက်မဲမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည် ထိန်းချုပ်ရရှိပြီးချိန်တွင် အကြမ်းဖက်သမားများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူ အနာဂတ်ရင်သွေးငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဝင်း အတွင်း/အပြင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ စာသင်ခန်းများအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်လျက်ရှိ**

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၅၀၀၊ ဆီပိဿာ ၅၀၀၊ ဆားပိဿာ ၅၀၀ နှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါ စားသောက်ကုန်များအား ဒေသခံများ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်သည်။

၄င်းအပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိစဉ်။**

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအကြို မြန်မာ့လက်ရွေးစင်အသင်း ထိုင်းနိုင်ငံ၌ လူစုံလေ့ကျင့်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃**

လက်ရွေးစင်အသင်းသည် ၂၀၂၇ အာရှဖလား တတိယ အဆင့်ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် အောက်တိုဘာ ၂ ရက်မှစ၍ ထိုင်းနိုင်ငံဘန်ကောက်မြို့၌ လူစုံလေ့ကျင့်လျက်ရှိသည်။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း ခရီးမပန်းစေရန် ဆော်ဒီအာရေဗျနိုင်ငံသို့ တိုက်ရိုက်မသွားရောက်ဘဲ ထိုင်းနိုင်ငံ၌ သုံးရက်ကြာလေ့ကျင့်ပြီးမှ ခြေစစ်ပွဲကစားရန် သွားရောက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် အာရှဖလားခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၄ ဦး ရွေးချယ်ထားပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိမှ လာရောက်ပူးပေါင်းခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်တွင်းကလပ်များမှ ရွေးချယ်ထားသူများဖြင့် စက်တင်ဘာ ၂၉ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် နိုင်ငံခြားသား ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Stars အသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမကစားသမားများအဖြစ် **ဂိုးသမား** ဇင်ညီညီအောင်၊ ဆန်းဆက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးအောင်(ဟံသာဝတီယူနိုက်တက်)၊ **နောက်တန်း** ဟိန်းဖြိုးဝင်း၊ နန္ဒကျော်၊ အောင်ဝဏ္ဏစိုး၊ ဖွဲခန့်မင်း၊ ရဲမင်းသူ၊ သက်ဟိန်းစိုး(ရှမ်းယူနိုက်တက်)၊ သီဟထက်အောင်(ပတ်တာနီ-ထိုင်း)၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း(ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော်(အူထိုင်းတာနီ-ထိုင်း)၊ **အလယ်တန်း** လွင်မိုးအောင်(မဟာဆာရာခမ်-ထိုင်း)၊ ရန်နိုင်ဦး၊ ရဲရင့်ဖြိုး(ဒဂုံစတားယူနိုက်တက်)၊ ကျော်မင်းဦး(တီရန်ဂါနူး-မလေးရှား)၊ ရဲရင့်အောင်၊ ခွန်ကျော်ဇင်ဟိန်း(ရှမ်းယူနိုက်တက်)၊ သီဟဇော်(အသင်းလက်မဲ့)၊ ဟိန်းထက်အောင်(ကီလန်တန်-မလေးရှား)၊ မောင်မောင်လွင်(လမ်ဖွန်ဝါရီယာ-ထိုင်း)၊ **ရှေ့တန်း** သန်းပိုင်(ထရတ်-ထိုင်း)နှင့် ဝင်းနိုင်ထွန်း(ရန်ကုန်စီးတီး)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲအဖြစ် ဆီးရီးယားအသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၉ ရက်တွင် အဝေးကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ဆီးရီးယားအသင်းသည် အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် အိမ်ကွင်းပွဲများကို ဆော်ဒီအာရေဗျနိုင်ငံ၌ လက်ခံကစားလျက်ရှိသည်။

**သတင်း-ကိုညီလေး**